# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက် အင်္ဂါနေ့။ Tuesday, 12 May 2026 ၁၂၁၇၆


**မိမိကိုယ်သာ ကိုးကွယ်ရာ**

မိမိသာလျှင် မိမိ၏ကိုးကွယ်ရာဖြစ်၏၊ မိမိသည် သာလျှင် မိမိ၏(နောင်ဘဝအတွက်)သွားရာ (မှီခိုရာ) ဖြစ်၏။ ထို့ကြောင့် မြင်းကုန်သည်သည် အမျိုးကောင်းသော မြင်းကို ကောင်းစွာစောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကို (အကုသိုလ်ကင်းအောင်) စောင့်ရှောက်လော့။

ဘိက္ခုဝဂ်( ဓမ္မပဒ-၃၈၀)

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း (၉)ကြိမ်မြောက် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းစဉ်ဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား






ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း (၉)ကြိမ်မြောက် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းစဉ်ဆိုင်ရာ သင်တန်းဖွင့်ပွဲတွင် မိန့်ခွန်းပြောကြားစဉ်။

နေပြည်တော် မေ ၁၁

မြန်မာ့တပ်မတော်မှအရာရှိ၊ စစ်သည်များအနေဖြင့် ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းတာဝန်များ သိရှိနိုင်စေရန်အတွက် မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော်တို့ ပူးပေါင်းဖွင့်လှစ်သော ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုလုပ်ငန်းစဉ်ဆိုင်ရာသင်တန်း UN Peacekeeping Officer Course ဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ PARKROYAL ဟိုတယ်၌ ပြုလုပ်သည်။

**တက်ရောက်**

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur၊ စစ်သံမှူးများ၊ အိန္ဒိယတပ်မတော်မှ နည်းပြအရာရှိများ၊ မြန်မာ့တပ်မတော်မှ သင်တန်းသားအရာရှိများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ယနေ့ မိုးလေဝသ**

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် မေ ၁၁

ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/၉လ


**ယနေ့ ဖတ်စရာ**

သတင်းအေဂျင်စီလုပ်ငန်း ဝိတ်သိမ်းကြောင်း အသိပေးကြေညာချက် — စာမျက်နှာ » ၂

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် AA အဖွဲ့နှင့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၃၁ ဦး လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက် — စာမျက်နှာ » ၁၄

လူမှုရေးပင်စင်ထောက်ပံ့ခြင်းအစီအစဉ် အသိပေးနှိုးဆော်ခြင်း

ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်း(MCCT)အစီအစဉ် အသိပေးနှိုးဆော်ခြင်း — စာမျက်နှာ » ၉


**စက္ကူပျော့ဖတ်ထုတ်နိုင်သည့် ဝါးမျိုးများ**

ဆောင်းပါး စာမျက်နှာ » ၆



**နိုင်ငံတော်၏ စီးပွားရေးမဏ္ဍိုင်ကို အားကောင်းစေမည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးစီးပွား**

ဆောင်းပါး စာမျက်နှာ » ၁၀




## ကြေးမုံ

# နိုင်ငံနှင့်လူမျိုး၏အကျိုးစီးပွားကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN)အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံကို အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် စတင်အသိအမှတ်ပြုခဲ့သည့် ၁၉၉၇ ခုနှစ်မှစတင်၍ အာဆီယံ၏လုပ်ငန်းစဉ်များကို အာဆီယံတူညီဆန္ဒများနှင့်အညီ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည်။ ထို့အပြင် တာဝန်ယူမှုရှိသော အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် အာဆီယံ၏ယန္တရားများနှင့် လှုပ်ရှားမှုများအတွက် နှစ်စဉ်ထည့်ဝင်ငွေများ ပေးဆောင်ခြင်းအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ တာဝန်ဝတ္တရားများကို အစဉ်တစိုက်ဖြည့်ဆည်းဆောင်ရွက်လျက်ရှိသည်။

သို့သော် လွန်ခဲ့သော ငါးနှစ်တာကာလအတွင်း အာဆီယံနိုင်ငံအချို့၏ သဘောထားဖြင့် မြန်မာနိုင်ငံအပေါ် ခွဲခြားဆက်ဆံမှုများ၊ ကန့်သတ်မှုများ၊ တန်းတူကိုယ်စားပြုမှုကို ချန်လှပ်ထားမှုများ ပြုလုပ်လာခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းသည် မျက်မှောက်ကာလ ပထဝီနိုင်ငံရေးအခြေအနေအရ ကမ္ဘာ့အင်အားကြီးနိုင်ငံများအကြား အားပြိုင်မှုတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့၌ ပြင်ပပယောဂများ ပူးဝင်ကပ်ငြိနေသည်ကို တွေ့ရမည်ဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ပြီး အာဆီယံအဖွဲ့ကြီး၏ မူလချမှတ်ထားသော ပဋိညာဉ်များကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၌ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ထိုစဉ်က အာဏာရအစိုးရက မဲမသမာမှုများ ဆိုးရွားစွာပြုလုပ်ခဲ့ပြီး မသမာသောနည်းလမ်းအသုံးပြု၍ အာဏာရယူလိုသည့် တာဝန်ရှိသူများအနေဖြင့်လည်း အဂတိမှုနှင့် အခြားပြစ်မှုများ ကျူးလွန်ကြောင်းပေါ်လွင်သဖြင့် ဥပဒေနှင့်အညီ တရားစီရင်ခဲ့သည်။ ထို့နောက် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း အောင်မြင်စွာကျင်းပခဲ့သည်။ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၄ ဒသမ ၂၃ သန်းရှိသည့်အနက် ဆန္ဒမဲပေးသူ ၁၃ သန်းကျော်သည့် ၎င်းတို့၏ လွတ်လပ်သော ဆန္ဒသဘောထားများဖြင့် ဆန္ဒမဲပေးခဲ့ကြပြီး ပြည်သူများက ရွေးချယ်ခဲ့သည့် လွှတ်တော်နှင့် လွှတ်တော်ကရွေးချယ်တင်မြှောက်သည့် နိုင်ငံတော်သမ္မတဦးဆောင်သော အစိုးရတစ်ရပ် ပေါ်ပေါက်ခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သော နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုကို အာဆီယံနိုင်ငံအများစုက နားလည်လက်ခံသဘောပေါက်ကြပြီး မြန်မာနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လိုသော်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် အနည်းငယ်သောနိုင်ငံများက မြန်မာနိုင်ငံအစိုးရအပေါ် ကန့်သတ်မှုများ၊ ခွဲခြားဆက်ဆံမှုများ၊ တန်းတူရည်တူ ကိုယ်စားပြုဆက်ဆံမှုများကို ချန်လှပ်၍ ဖိအားပေးမှုများ၊ အကျပ်ကိုင်မှုများပြုလုပ်ရန် ကြိုးပမ်းနေသည်ကို တွေ့ရမည်ဖြစ်သည်။ အာဆီယံပဋိညာဉ်စာတမ်း အခန်း(၁)၊ အပိုဒ်(၂)ပါ အခြေခံမူများကို ဖောက်ဖျက်၍ အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း၊ ဝေဖန်ပြောဆိုခြင်း၊ ဖိအားပေးခြင်းတို့ကို ဆောင်ရွက်နေပါသည်။

ထိုသို့ပြုလုပ်ခြင်းသည် အဖွဲ့ဝင်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာရောက်ပြီး မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကို ထိခိုက်ညှိုးနွမ်းအောင် ပြုလုပ်ရာရောက်ပါသည်။ ထို့အပြင် အာဆီယံအဖွဲ့ကြီး၏ စည်းလုံးညီညွတ်မှုကို ပျက်ပြားအောင်ပြုလုပ်ခြင်းဖြစ်ပြီး တောင်အာဆီယံ၊ မြောက်အာဆီယံဟူ၍ အဖွဲ့ကြီးနှစ်ခြမ်းကွဲအောင်ပြုလုပ်ရာရောက်ပါသည်။ အပြုသဘောမဆောင်သည့် ခွဲခြားဆက်ဆံမှုများကို နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ဆက်လက်လုပ်ဆောင်ရန် ကြိုးပမ်းမှုများသည် ဒီမိုကရေစီနည်းလမ်းတကျ မဲပေးခဲ့သည့် မြန်မာပြည်သူ ပြည်သားများ၏ ဆန္ဒသဘောထားများကို လျစ်လျူရှုရာရောက်ပါသည်။ ဒီမိုကရေစီနိုင်ငံများသည် နိုင်ငံ၏ပကတိအခြေအနေနှင့်ဆီလျော်လိုက်ဖက်စွာ ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေကြပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက် ချစ်ခင်ရင်းနှီးစွာ ဆက်ဆံဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ အာဆီယံအနေဖြင့် မြန်မာနိုင်ငံနှင့်ပတ်သက်၍ တူညီဆန္ဒမရရှိသေးလင့်ကစား မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင် တစ်နိုင်ငံချင်းစီအလိုက် ထိတွေ့ဆက်ဆံမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သော ဖြစ်ပေါ်တိုးတက်မှုများအပေါ် ထောက်ခံကူညီပေးခဲ့သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံအများစုကို မြန်မာနိုင်ငံအနေဖြင့် ကျေးဇူးတင်လျက်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် ပကတိအခြေအနေအပေါ်မူတည်၍ မိမိနိုင်ငံနှင့်ကိုက်ညီသည့် မြန်မာဦးဆောင်သည့် မြန်မာ့ကိုယ်ပိုင်လုပ်ငန်းစဉ်ဖြင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် မြန်မာနိုင်ငံသားများ၏ အခြေခံအခွင့်အရေးနှင့် အကျိုးစီးပွားများအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ပုသိမ်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသောင်းထိုက် ကို ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## သတင်းအေဂျင်စီလုပ်ငန်း ပိတ်သိမ်းကြောင်း အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ခ)အရ ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းဥပဒေ ပုဒ်မ ၈ ပါ စည်းကမ်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည်ဟု သံသယရှိသော ထုတ်ဝေစာကို ပုံနှိပ်၊ ထုတ်ဝေခဲ့ကြောင်း ခိုင်လုံသောအထောက်အထားဖြင့် သတင်းပေးပို့ခြင်းကို လက်ခံရရှိလျှင်သော်လည်းကောင်း၊ ကိုယ်တိုင်သိရှိလျှင်သော်လည်းကောင်း သတ်မှတ်ချက်နှင့်အညီစစ်ဆေးပြီး ငြိစွန်းကြောင်းတွေ့ရှိပါက လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကို ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းပြုနိုင်ပါသည်။ သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်ရယူထားသူ ဦးရဲသွင်ဟိန်း၏ မြေလတ်အသံ(Myaelatt Athan)၊ ဦးဝင်းဇော်နိုင်၏ Red News Agency နှင့် ဦးဇင်မင်းထက်၏ Asia Citizens (အာရှနိုင်ငံသားများ) သတင်းအေဂျင်စီတို့သည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ခ)ပါ စည်းကမ်းချက်ကိုလိုက်နာခြင်းမရှိဘဲ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးတို့ကို ထိခိုက်စေသည့် အကြောင်းအရာများကို ရေးသားလွှင့်တင်ဖော်ပြခဲ့သည့်အတွက် ၎င်းတို့အား ထုတ်ပေးထားသည့် သတင်းအေဂျင်စီလုပ်ငန်းများကို ၂၀၂၆ ခုနှစ်၊ ဧပြီ ၂၃ ရက်မှစ၍ ပိတ်သိမ်းလိုက်ကြောင်းနှင့် ၎င်းသတင်းအေဂျင်စီများအနေဖြင့် မီဒီယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကိုအသုံးပြု၍ဖြစ်စေ ရေးသားထုတ်လွှင့်ဖော်ပြခြင်းမပြုရန် ကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် မေ ၁၁**

ယနေ့နံနက် ၂ နာရီ ၆ မိနစ် ၃၅ စက္ကန့်တွင် ညောင်ဦးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၇၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (စေတုတ္တရာမြို့၏ အနောက်-အနောက်မြောက်ဘက် ၁၁ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၀ ဒသမ ၄၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၀၈ ဒီဂရီ၊ အနက် ၁၅ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၅ ဒသမ ၀ (M) အဆင့်ရှိအင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## ၁၁ - ၅ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၂၀၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၁ - ၅ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၃,၅၀၀ | ၁၃,၅၀၀ | ၅၆၉ | ၇,၇၁၉,၅၀၀ |
| MTSH | ၆,၃၀၀ | ၆,၃၀၀ | ၃,၂၀၀ | ၂၀,၁၆၀,၀၀၀ |
| MCB | ၉,၅၀၀ | ၉,၅၀၀ | ၁၀ | ၉၅,၀၀၀ |
| FPB | ၄,၃၀၀ | ၄,၃၀၀ | ၃၅၄ | ၁,၅၂၂,၂၀၀ |
| TMH | ၃,၂၅၀ | ၃,၂၅၀ | ၂၃ | ၇၄,၇၅၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၄,၉၉၁ | ၈,၇၃၄,၃၀၀ |
| AMATA | ၃,၉၅၀ | ၃,၉၅၀ | ၁၅ | ၅၉,၂၅၀ |
| MAEX | ၄,၁၀၀ | ၄,၁၀၀ | ၅၈ | ၂၃၇,၈၀၀ |
| MADPL(PLB) | ၃,၈၀၀ | ၃,၇၀၀ | ၆၃၂ | ၂,၃၉၉,၈၀၀ |
| ASPGB(PLB) | ၃၈,၀၀၀ | ၃၈,၀၀၀ | ၂၁၀ | ၇,၉၈၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် အိန္ဒိယတပ်မတော် အနေဖြင့် UN Peacekeeping ဆိုင်ရာ လုပ်ငန်းစဉ်များတွင် တာဝန်ထမ်းဆောင်ခဲ့မှု မှတ်တမ်းများနှင့် မြန်မာ-အိန္ဒိယ တပ်မတော်နှစ်ရပ်အကြား ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှု လုပ်ငန်းစဉ်ဆိုင်ရာလေ့ကျင့်ခန်းများတွင် ပူးပေါင်းလေ့ကျင့်ခဲ့မှု မှတ်တမ်းများအား လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် သင်တန်းဖွင့်ပွဲ အခမ်းအနားကို ကျင်းပပြုလုပ်ရာ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက သင်တန်းဖွင့်မိန့်ခွန်း ပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur က အဖွင့်အမှာစကားပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း)နှင့် အခမ်းအနား တက်ရောက်လာကြသူများက “Indian Army Contribution to the United Nation Peacekeeping Operations” Video Clip ကို ကြည့်ရှုကြပြီး အိန္ဒိယနိုင်ငံ Center for United Nations Peace-keeping(CUNPK)မှ သင်တန်းနည်းပြခေါင်းဆောင်က သင်တန်းရည်ရွယ်ချက်နှင့် ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှု လုပ်ငန်းစဉ်ဆိုင်ရာ လေ့ကျင့်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် သင်တန်း နည်းပြ ခေါင်းဆောင်တို့က အမှတ်တရ ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်များ၊ နည်းပြအရာရှိများ၊ သင်တန်းသားများနှင့် အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါသင်တန်းသည် (၉)ကြိမ်မြောက် ဖွင့်လှစ်ခြင်းဖြစ်ပြီး ယခုသင်တန်းတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ သင်တန်းသား အရာရှိ ၃၀ တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းတွင် ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုဆိုင်ရာ လုပ်ငန်းများ၏ သမိုင်းကြောင်း၊ ဖွဲ့စည်းပုံ၊ စည်းမျဉ်းများနှင့် ဆောင်ရွက်နေမှုများ၊ ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းရေးအဖွဲ့များ စောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်များ၊ အရပ်သားများအား ကာကွယ်စောင့်ရှောက်မှု၊ ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်မှု၊ စစ်ဘက်-အရပ်ဘက် ပူးပေါင်းဆောင်ရွက်မှု၊ ကင်းလှည့်ခြင်း၊ ယာဉ်တန်းလုံခြုံရေး ဆောင်ရွက်ခြင်း၊ တပ်ခွဲအခြေချစခန်း တည်ဆောက်ခြင်း၊ လေ့ကျင့်ခန်း BlueHelmet စသည့် ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ပြီး မေ ၂၂ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## နမ့်စန်မြို့ နမ့်စန်သင်တန်းစခန်းတွင် ဖွင့်လှစ်လျက်ရှိသော အခြေခံလေကြောင်းလူငယ်သင်တန်းအား တာဝန်ရှိသူများ သွားရောက်ကြည့်ရှု

**နေပြည်တော် မေ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ နမ့်စန်သင်တန်းစခန်းရှိ အခြေခံလေကြောင်း လူငယ်သင်တန်းအမှတ်စဉ်(၁၀)၌ တက်ရောက်လျက်ရှိသည့် သင်တန်းသား သင်တန်းသူများ၏ သင်ခန်းစာသင်ကြားပို့ချသင်ယူနေမှုများကို ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက သင်တန်းသား သင်တန်းသူများအား အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ကြရာ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများက လက်ခံရယူကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ သင်ခန်းစာသင်ကြားနေမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) လစဉ်ပုံမှန်အစည်းအဝေး ကျင်းပ

**ရန်ကုန် မေ ၁၁**

မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (ဗဟို)၏ လစဉ်ပုံမှန်အစည်းအဝေး အမှတ်စဉ်(၅/၂၀၂၆)ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ကမာရွတ်မြို့ အသင်းရုံး၌ ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များနှင့် တိုင်းဒေသကြီး ပညာရေးမှူးနှင့် ခရိုင်ပညာရေးမှူးများ တက်ရောက်သည်။




အစည်းအဝေးတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေး အသင်း(ဗဟို)ဥက္ကဋ္ဌ ဦးစိုးဝင်း က ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အကြိုလှုပ်ရှားမှုအဖြစ် အခြေခံပညာ အထက်တန်းကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများဖြင့် ကျပန်းစကားပြောပြိုင်ပွဲ (မြန်မာ/အင်္ဂလိပ်) နှစ်ဘာသာဖြင့် ဇွန် ၂၀ ရက်နှင့် ၂၂ ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး ဆုပေးပွဲကို ဇွန် ၂၄ ရက်တွင် ကျင်းပရန် စီစဉ်ထားကြောင်း၊ ဆုများကိုလည်း ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## ကွမ်းခြံကုန်းမြို့နယ်၌ လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုကြိုဆို

**ကွမ်းခြံကုန်း မေ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်၌ လူရည်ချွန်စခန်းမှ ပြန်လာသော သုံးထပ်ကွမ်း၊ နှစ်ထပ်ကွမ်း လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းက ကွမ်းခြံကုန်းမြို့နယ် မြို့ဦးထိပ်မှစတင်၍ ကြိုဆိုဂုဏ်ပြုခဲ့ကြသည်။

**ဂုဏ်ပြုကြိုဆို**

အဆိုပါ လူရည်ချွန်စခန်းမှပြန်လာသော အထက(၁)မှ သုံးထပ်ကွမ်း လူရည်ချွန် မောင်စိုးလင်းထွန်း၊ အထက(၂)မှ နှစ်ထပ်ကွမ်း လူရည်ချွန် မသက်ဆုစံနှင့် နှစ်ထပ်ကွမ်းလူရည်ချွန် မချောစုစုလှိုင်တို့အား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးချန်ဖီယာန်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်အေးသန္တာစိုးနှင့် ကျောင်းအုပ်ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူများက ဂုဏ်ပြုပန်းစည်းများ၊ ဂုဏ်ပြုပန်းကုံးများဖြင့် ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သိရသည်။

ဆွေနွယ်(ပြန်/ဆက်)

## ကလောမြို့နယ်၌ ပျားမွေးမြူရေးဆိုင်ရာ ပြည်သူတိုးချဲ့ပညာပေးသင်တန်းဖွင့်

**ကလော မေ ၁၁**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကလောမြို့နယ် ပျားမွေးမြူမှု ဖွံ့ဖြိုးရေးတာဝန်ခံရုံးအနေဖြင့် ရက်(၁၀၀)စီမံချက်အတွင်း ပြည်သူတိုးချဲ့ပညာပေးသင်တန်းကို ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် ရေချိုကျေးရွာအုပ်စု ဇောတိဓမ္မာရုံ၌ ဖွင့်လှစ်ခဲ့သည်။

ဦးစွာ ကလောမြို့နယ်တာဝန်ခံ ဦးကျော်လင်းက ပျားအုံတစ်အုံ၏ ဖွဲ့စည်းပုံ၊ ပျားရောဂါ၊ ပျားမွေးမြူခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူး၊ ဆီထွက်သီးနှံများဖြစ်သော နေကြာ၊ နှမ်းတို့ကို ပျားဖြင့်ဝတ်မှုန်ကူးပေးခြင်းသည် သီးနှံများအထွက်တိုးစေခြင်းနှင့် ပျားမွေးမြူရာတွင် လိုအပ်မည့် ပစ္စည်းအကြောင်း၊ ပျားရည်ထုတ်ယူနည်းနှင့် ပျားများပြုစုပုံ



အဆင့်ဆင့်၊ အစာကျွေးနည်း၊ ပျားအိမ်အမျိုးအစားအလိုက် ကုန်ကျစရိတ်၊ အားနည်းချက်နှင့် အားသာချက်များအကြောင်းကို ပျားအုံဖြင့် လက်တွေ့အသိပညာပေး ရှင်းလင်းခဲ့သည်။

သင်တန်းတွင် သင်တန်းသား ၂၅ ဦးအား မေ ၈ ရက်မှ ၁၅ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်ဝင်း(ကလော)

## နိုင်ငံ့သားကောင်း တာဝန်ကျေပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး အသိပေးထုတ်ပြန်ချက်

၁။ နိုင်ငံတော်အစိုးရမှ ဖွဲ့စည်းပေးထားသည့် “စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ”အနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ခဲ့ပြီး သတ်မှတ်ကာလပြည့်မြောက်သဖြင့် နေရပ်အသီးသီးသို့ပြန်ကြမည့် နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ကော်မတီသည် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေ အသိအမှတ်ပြုလက်မှတ်ရရှိထားသည့် နိုင်ငံ့သားကောင်းများအနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်လိုသူများ၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပကုမ္ပဏီ ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများနှင့် မိမိတို့ရပ်ရွာများတွင် ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်လိုသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ကျေပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများအနေဖြင့် သတ်မှတ်ကာလ ပြည့်မီစွာ တာဝန်ထမ်းဆောင်ပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် အခက်အခဲများရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ကာကွယ်ရေးဝန်ကြီးဌာန | - | ၀၆၇၃၄၀၄၆၃၄ ၊ ၀၆၇၃၄၀၄၆၃၅ ။ |
| (ခ) | စစ်ရေးချုပ်ရုံး | - | ၀၃၆၃၁၃၄၇ ။ |
| (ဂ) | အလုပ်သမားဝန်ကြီးဌာန | - | ၀၆၇၃၄၃၀၁၈၁ ၊ ၀၆၇၃၄၃၀၁၈၂ ။ |

**စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ကျေးလက်ရေပေးဝေရေးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ဘားအံ မေ ၁၁

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းက ဘားအံမြို့နယ် အိန္ဒုကျေးရွာအုပ်စု မိုက်အောင်ကျေးရွာနှင့် ကော့စိန်ဘန်အထက်ကျေးရွာများရှိ ကျေးလက်ရေပေးဝေရေးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

## ကြည့်ရှုစစ်ဆေး

ဦးစွာ အိန္ဒုကျေးရွာအုပ်စု မိုက်အောင်ကျေးရွာတွင် ကျေးရွာရေရရှိရေး ၄ ဒသမ ၅ လက်မ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တည်ဆောက်ခြင်း၊ 5 KW ဆိုလာစနစ်တည်ဆောက်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် နေအိမ်များသို့ အိမ်တိုင်ရာရောက်ရေပေးဝေနိုင်မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကျောင်းတိုက်ဓမ္မာရုံ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အသင်းသား အသင်းသူများနှင့် တွေ့ဆုံဆွေးနွေးပြီး ကော့စိန်ဘန်အထက်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆောင်ရွက်သော အသင်းသူနန်းကေသီလင်း၏ ဖူးစားပြောင်းနှင့်ကြံစိုက်ခင်း၊ အသင်းသူ နန်းအေးသီရိထွန်း၏ ဆိတ်နှင့်နွား တစ်နိုင်တစ်ပိုင် မွေးမြူရေးခြံ၊ အသင်းသား ဦးစောဇင်မင်းအောင်၏ ပဲတောင့်ရှည်နှင့်သခွားစိုက်ခင်းတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)



# ရှမ်းပြည်နယ်ဝန်ကြီးချုပ် မိုးနဲမြို့ မြို့မအခြေခံပညာ အလယ်တန်းကျောင်း စာသင်ဆောင် ကွင်းဆင်းကြည့်ရှုစစ်ဆေး

မိုးနဲ မေ ၁၁

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ယနေ့နံနက်ပိုင်းက နမ့်စန်ခရိုင် မိုးနဲမြို့ မြို့မအခြေခံပညာအလယ်တန်းကျောင်းရှိ ပြန်လည်ပြုပြင်ဆောင်ရွက်မည့် စာသင်ဆောင်ဟောင်းနှင့် တိုးချဲ့စာသင်ကျောင်းဆောင်ဆောက်လုပ်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လင်းခေးမြို့ ပုန်းထွန်ကျေးရွာအုပ်စု ပန်ကျိုင်းကျေးရွာအနီး ဆိုလာလျှပ်စစ်စီမံကိန်း မဂ္ဂါဝပ် ၃၀ ဆောင်ရွက်မည့်နေရာနှင့် လျှပ်စစ်တာဝါတိုင် ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် လင်းခေးခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ လွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ အမှာစကားပြောကြားပြီး လင်းခေးခရိုင်နှင့် မောက်မယ်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌများက အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ရှင်းလင်းတင်ပြ၍ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဆက်လက်၍ လင်းခေးမြို့နယ် နမ့်တိန်းချောင်းပေါ်တွင် ဆိုလာစနစ်ဖြင့် ချောင်းရေတင် စိုက်ပျိုးရေရရှိရေး လုပ်ငန်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

# စစ်တွေမြို့၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

စစ်တွေ မေ ၁၁

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် သဲချောင်းကျေးရွာ၌ မေ ၁၀ ရက် နံနက်ပိုင်းက နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသား စိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ရခိုင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်သိန်းဆိုင် ကြီးကြပ်မှုဖြင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးစိန်သာထွန်းနှင့် ဝန်ထမ်းများက ကျေးရွာအတွင်းရှိ အသက်(၁၀)နှစ်ပြည့်ပြီးသူများနှင့် အသက်(၁၈)နှစ်ပြည့်ပြီးသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# သရက်ချောင်းမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

သရက်ချောင်း မေ ၁၁

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်၌ ယနေ့နံနက်ပိုင်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် သရက်ချောင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသက်နိုင်လွင် ဦးဆောင်၍ တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများကို မီးဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် လျှပ်စစ်ဝိုင်ယာများနှင့် လျှပ်စစ်ပစ္စည်းများ၊ မီးဖိုများ၊ ရေအိုး/ရေစည်/ရေကန်များ စစ်ဆေးခြင်း၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ၊ မီးသတ်ဆေးဘူးများထားရှိရန်၊ ဖယောင်းတိုင်မီး၊ ခြင်ဆေးမီး၊ မီးဖိုမီးများကို စနစ်တကျငြိမ်းသတ်ကြရန် ပြောကြားပြီး မီးသတ်ဆေးဘူးအသုံးပြုနည်းနှင့် ကိုင်တွယ်နည်းများကို ဌာနဆိုင်ရာဝန်ထမ်းများအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ ပြည့်ဖြိုးပိုင်(ပြန်/ဆက်)



# ဒိုက်ဦးမြို့နယ်၌ ကျွဲ၊ နွားများအား ကာကွယ်ဆေး ထိုးနှံပေး

ဒိုက်ဦး မေ ၁၁

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် ကျွဲ၊ နွားများ ကာကွယ်ဆေးထိုးခြင်းကို မေ ၈ ရက် နံနက်ပိုင်းက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကျော်လင်း ဦးဆောင်မှုဖြင့် ဝန်ထမ်းများက ရှမ်းစုကျေးရွာမှ နွားမွေးမြူသူ တောင်သူ ၃၀ မွေးမြူထားရှိသည့် ကျွဲ ၁၂ ကောင်အား လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးထိုးခြင်းနှင့် နွား ၇၂ ကောင်အား ဒေါင့်သန်းရောဂါ ကာကွယ်ဆေးထိုးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျော်ကျော်(ဒိုက်ဦး)



# တန့်ယန်းမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရန်သင်တန်း ဖွင့်လှစ်

တန့်ယန်း မေ ၁၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် ရက်(၁၀၀) စီမံချက်ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု မ ပန်းရန်သင်တန်းဖွင့်ပွဲကို မေ ၁၁ ရက်က ခိုယောင်းကျေးရွာအုပ်စု ဟာပွတ်ကျေးရွာ၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးက အမှာစကား ပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခိုင်မင်းထွန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက သင်တန်းသားများအတွက် သင်ထောက်ကူ ပစ္စည်းများ လွှဲပြောင်း ပေးအပ်ခဲ့ကြောင်းနှင့် သင်တန်းသား စုစုပေါင်း ၂၀ တက်ရောက်ကြောင်း သိရသည်။

မင်းလွင်ဦး(တန့်ယန်း)



# နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းများအပေါ် လိုက်နာဆောင်ရွက်နိုင်ရေး ထပ်ဆင့်ရှင်းလင်း

**မြစ်ကြီးနား မေ ၁၁**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းများအပေါ် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကချင်ပြည်နယ်အစိုးရအဖွဲ့က ဌာနဆိုင်ရာများအား ထပ်ဆင့်ရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခ ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က လုပ်ငန်းများအကောင်အထည်ဖော်ရာတွင် ရေရှည်အကျိုးစီးပွားကိုကြည့်၍ စနစ်တကျဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

**အမှာစကားပြောကြား**

ထို့နောက် ပြည်နယ်ဝန်ကြီးများက ရက်ပေါင်း ၁၀၀ အတွင်း လုပ်ငန်းများဆောင်ရွက်နေမှုကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးတောင်သူများနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်းသည် ယမန်နေ့က မိတ္ထီလာမြို့နယ်ရှိ Garden Family ကုမ္ပဏီ ဆိတ်မွေးမြူရေးခြံတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်နှင့်မြို့နယ် တာဝန်ရှိသူများ၊ ဆိတ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြသူများနှင့် တွေ့ဆုံသည်။

**ပေါင်းစပ်ဆောင်ရွက်**

တွေ့ဆုံစဉ် မိတ္ထီလာဒေသတွင် ကောင်းမွန်သော မွေးမြူရေးကျင့်စဉ် (Good Animal Husbandry Practices – GAHP) နှင့်အညီ လိုက်နာဆောင်ရွက်သော မွေးမြူရေးဇုန်များ ဆောင်ရွက်နိုင်ရေး ၊ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် အသားကဏ္ဍ ထုတ်လုပ်မှုမြှင့်တင်ရေးအတွက် ပူးပေါင်းကြိုးပမ်းကြရန် တိုက်တွန်းပြောကြားပြီး ဆိတ်မွေးမြူရေးလုပ်ငန်းရှင်များက ဆိတ်မွေးမြူရာတွင် ကြုံတွေ့ကြရသည့် မျိုးလိုအပ်ချက်၊ သယ်ယူပို့ဆောင်ရေး အခက်အခဲနှင့် မြေယာအသုံးပြုမှု လိုအပ်ချက်များကို တင်ပြကြရာ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပျော်ဘွယ်မြို့နယ်နှင့် ရမည်းသင်းမြို့နယ်တို့တွင် အစာစပ်လုပ်ငန်းရှင်များ၊ ဝက်၊ ဆိတ်၊ ကြက်မွေးမြူသူများနှင့် တွေ့ဆုံ၍ လက်ရှိမွေးမြူရေးလုပ်ငန်း ဆောင်ရွက်မှုများ၊ ထုတ်လုပ်မှုအခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# တောင်တွင်းကြီးမြို့၌ တောင်သူများအား သီးနှံမျိုးစေ့များပေးအပ်



**တောင်တွင်းကြီး မေ ၁၁**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီး မြို့နယ်တွင် ၂၀၂၆- ၂၀၂၇ ခုနှစ် ရက်(၁၀၀) Quick Win ဆောင်ရွက်မည့် တောင်သူများအား သီးနှံမျိုးစေ့များ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက ပန်းတိုင်အထွက်နှုန်းရရှိရေး အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ခင်မျိုးအေးက အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းစနစ်များ လိုက်နာကျင့်သုံးစေရေးတို့ကို ပြောကြားပြီး ရက်(၁၀၀)အတွင်း ဆောင်ရွက်မည့် သီးနှံမျိုးစေ့များဖြစ်သည့် စပါး၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲတီစိမ်း၊ ဝါမျိုးစေ့များကို တောင်သူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဦးမျိုး(ဗိဿနိုးမြေ)**

# ဓာတ်မြေဩဇာသုံးစွဲမှုလျှော့ချ၍ သဘာဝမြေဩဇာနှင့် မြေပြုပြင်မြေဩဇာများ စနစ်တကျ တွဲဖက်အသုံးပြုရေးပညာပေး

**ရန်ကုန် မေ ၁၁**

နိုင်ငံတော် အစိုးရသစ်၏ ရက်(၁၀၀)စီမံကိန်း အစီအစဉ်ဖြင့် ကြံတောင်သူများ ကြံအထွက်နှုန်းတိုးတက်ပြီး ရေရှည်တည်တံ့စေရန် ဓာတ်မြေဩဇာသုံးစွဲမှုလျှော့ချ၍ သဘာဝမြေဩဇာနှင့် မြေပြင်မြေဩဇာများ စနစ်တကျတွဲဖက်အသုံးပြုရေး ပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံ့ သကြားစက်ရုံ၌ ကျင်းပသည်။



ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲ ဒုတိယညွှန်ကြားရေးမှူးက ဓာတ်မြေဩဇာများအား မလိုအပ်ဘဲ သုံးစွဲမှုများကို လျှော့ချပြီး သဘာဝမြေဩဇာများနှင့်ရောစပ်ကာ အပင်အာဟာရလိုအပ်ချိန်တွင် ထည့်သွင်းအသုံးပြုခြင်း၊ ကြံစိုက်ခင်းမှ ထွက်ရှိလာသော ကြံရွက်ခြောက်များအား သဘာဝမြေဆွေး ပြုလုပ်သုံးစွဲခြင်း၊ သကြားစက်ရုံမှ ကြံကြိတ်ဝါးထွက်ရှိလာသော ဘေးထွက်ပစ္စည်းဖြစ်သည့် ကြံမြှုပ်ချေးများကို ကြံစိုက်ခင်းများတွင် ထည့်သွင်းအသုံးပြုခြင်း၊ သစ်စိမ်းမြေဩဇာစိုက်ပျိုး၍ ထယ်ထိုးမြေမြှုပ်ခြင်းတို့ဖြင့် ရရှိလာသည့် အကျိုးကျေးဇူးများကို ဆွေးနွေးကာ ကြံသီးနှံ မျိုးသန့်ခြံ(ဥက္ကံ့) တာဝန်ခံက ကြံသီးနှံမျိုးကောင်း၊ မျိုးသန့်များ ပြောင်းလဲစိုက်ပျိုးရေးနှင့် ပန်းတိုင်အထွက်နှုန်း တစ်ဧကတန် ၃၀ ထွက်ရှိရေး နည်းပညာများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တိုက်ကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးတာဝန်ခံက စပါးခွံမှသဘာဝမြေဩဇာ ပြုလုပ်သုံးစွဲခြင်းနှင့် ငါးအမိုင်နိုအက်ဆစ်ပြုလုပ်သုံးစွဲခြင်းနည်းလမ်းများ၊ Dr. Farmer (ဖိုးတောင်သူ) မြေပြုပြင်ကုမ္ပဏီမှ ဦးအောင်မြင့်သန်းက သဘာဝမြေဩဇာနှင့် အနည်းလိုအာဟာရဓာတ်များ၏ အရေးပါမှုကို ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဇမ္ဗူသီရိမြို့နယ် ရပ်ကွက် / ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား လူမှုရေးပင်စင်ထောက်ပံ့ခြင်းနှင့် သက်ကြီးရွယ်အို သက်သေခံကတ်ပြား ထုတ်ပေးနိုင်ရေး စာရင်းကောက်ယူရန် အသိပညာပေးဆွေးနွေး

**နေပြည်တော် မေ ၁၁**

ရပ်ကွက်/ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးများအား လူမှုရေးပင်စင်ထောက်ပံ့ခြင်းနှင့် သက်ကြီးရွယ်အို သက်သေခံကတ်ပြား ထုတ်ပေးနိုင်ရေး စာရင်းကောက်ယူဆောင်ရွက်ရန် အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့က ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ကျင်းပသည်။

**အသိပညာပေးဆွေးနွေး**

ဦးစွာ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးက လူမှုရေးပင်စင် ထောက်ပံ့မှုနှင့် စပ်လျဉ်း၍ အသိပညာပေးဆွေးနွေးသည်။



ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက သက်ကြီးရွယ်အိုသက်သေခံကတ်ပြားထုတ်ပေးနိုင်ရေး အသက်အုပ်စုအလိုက် စာရင်းကောက်ယူခြင်း၊ စာရင်းကောက်ယူရန် သတ်မှတ်ချက်များ၊ သက်ကြီးရွယ်အိုများ အသက်အပိုင်းအခြားအလိုက် စာရင်း(ပုံစံ-၁)၊ သက်သေခံကတ်ပြားနမူနာ(ပုံစံ) စသည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

# ကော့မှူးမြို့နယ်၌ မြေသားလမ်းဖောက်လုပ်ပြီးစီး

**ကော့မှူး မေ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ခလောင်ကျေးရွာ၌ မြစိမ်းရောင်(ငါးကဏ္ဍ) အတိုးရငွေဖြင့် မြေသားလမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို မေ ၉ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုသည်။

**ဖွံ့ဖြိုးတိုးတက်**

အဆိုပါ ကျေးရွာမြေသားလမ်း ဖောက်လုပ်ပြီးစီးမှုကို မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်ခင်ရွှေနှင့် ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုပြီး မြစိမ်းရောင်စီမံကိန်း အတိုးရငွေကျပ်သိန်း ၁၅၀ ဖြင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် ခလောင်ကျေးရွာနှင့် အနီးကျေးရွာများမှ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

■

# စက္ကူပျော့ဖတ်ထုတ်နိုင်သည့် ဝါးမျိုးများ

အောင်ဇော်မိုး

ဝါးသည် လူသားများအတွက် အမျိုးမျိုးအသုံးပြုနိုင်သော သစ်မဟုတ်သည့် အခြားသစ်တောထွက်ပစ္စည်း သယံဇာတတစ်မျိုးဖြစ်သည်။ လူသားတို့၏ လူမှုစီးပွားနှင့် နေ့စဉ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သော ဘက်စုံသုံးအပင်မျိုးလည်းဖြစ်သည်။

ဝါးပင်မှပျော့ဖတ်များထုတ်ယူ၍ စက္ကူပြုလုပ်အသုံးပြုခဲ့သည်မှာ နှစ်ပေါင်း ရာနှင့်ချီ ရှိနေပြီဖြစ်သည်။ ယခုအခါ ဒစ်ဂျစ်တယ်ခေတ်သို့ တိုးတက်လာသော်လည်း စက္ကူ လိုအပ်ချက်မှာ မြင့်မားနေဆဲဖြစ်သည်။ ဝါးမှထုတ်လုပ်သည့် စက္ကူသည် eco-friendly ဖြစ်ခြင်းကြောင့် စက္ကူပျော့ဖတ်ထုတ်ရာတွင် ဝါးကို အသုံးပြုလေ့ရှိသည်။

ယခုတင်ပြချက်တွင် စက္ကူပျော့ဖတ်ထုတ်လုပ်နိုင်သည့် ဝါးအမျိုးအစားများ၊ ပျော့ဖတ်ထုတ်ယူနိုင်မှုနှင့် ပျိုးထောင်စိုက်ပျိုးနည်းများကို ပြုစုတင်ပြထားပါသည်။

**စက္ကူပျော့ဖတ်ထုတ်ယူနိုင်သည့် ဝါးမျိုးများ**

မြန်မာနိုင်ငံတွင် ဝါးမျိုးစု ၂၁ မျိုးနှင့် ဝါးမျိုးစိတ် ၁၀၂ မျိုးခန့် ပျံ့နှံ့ပေါက်ရောက်လျက်ရှိသည် (Kress et.al 2003) (ဇယား-၁)။ အများစုမှာ အရံလိုက်ပေါက်သော အပူပိုင်းဒေသဝါးမျိုးများဖြစ်သည်။ အဆိုပါ ဝါးမျိုး ၁၀၂ မျိုးအနက် စီးပွားရေးအရ အသုံးဝင်သော ဝါးမျိုး ၁၈ မျိုးရှိပါသည်။

စက္ကူပျော့ဖတ် ထုတ်လုပ်ရန်အတွက် သင့်တော်သည့် ဝါးမျိုးများကို ရွေးချယ်ရာတွင် နိုင်ငံတစ်ဝန်း သဘာဝအလျောက် ကျယ်ကျယ်ပြန့်ပြန့်ပေါက်ရောက်ပြီး ကုန်ကြမ်းစဉ်ဆက်မပြတ် ရရှိနိုင်ခြင်း၊ စိုက်ပျိုးမည်ဆိုပါက မျိုးအလုံအလောက်ရနိုင်ခြင်း၊ စိုက်ပျိုးသည့်နည်းလမ်းများရှိခြင်းစသည့် အချက်များအပေါ် အခြေခံ၍ ရွေးချယ်ပါသည်။

စက္ကူပျော့ဖတ် ထုတ်လုပ်ရန်အတွက် သင့်တော်သည့် ဝါးမျိုးများကို ဇယား(၁) ဖြင့် ဖော်ပြအပ်ပါသည်။

ဇယား-၁။ **မြန်မာနိုင်ငံတွင် စက္ကူပျော့ဖတ်ထုတ်လုပ်ရန် သင့်တော်သည့်ဝါးမျိုးများစာရင်း**

| စဉ် | မြန်မာအမည် | သိပ္ပံအမည် | ပေါများစွာပေါက်ရောက်သည့်ဒေသ |
|---|---|---|---|
| ၁။ | ကြခတ်ဝါး | *Bambusa bambos* (L) Voss | ရန်ကုန်၊ ဧရာဝတီ၊ ပဲခူးတိုင်းဒေသကြီး |
| ၂။ | ကြသောင်းဝါး | *Bambusa polymorpha* Munro | ပဲခူး၊ မန္တလေး၊ မကွေး၊ စစ်ကိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်၊ ကရင်၊ ရှမ်း၊ မွန်ပြည်နယ် |
| ၃။ | သိုက်ဝါး | *Bambusa tulda* Roxb. | ပဲခူး၊ မန္တလေး၊ မကွေး၊ စစ်ကိုင်း၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်၊ ကယား၊ ကရင်၊ ရှမ်း၊ မွန်၊ရခိုင်ပြည်နယ် |
| ၄။ | တင်းဝါး | *Cephalostachyum pregracile* Munro. | ပဲခူး၊ မန္တလေး၊ မကွေး၊ စစ်ကိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်၊ ကရင်၊ ရှမ်း၊ မွန်ပြည်နယ် |
| ၅။ | မြင်ဝါး | *Dendrocalamus strictus* Nees. | ပဲခူး၊ မန္တလေး၊ မကွေး၊ စစ်ကိုင်း၊ရန်ကုန်တိုင်းဒေသကြီး |
| ၆။ | ကရင်ဝါး/ခရင်ဝါး | *Melocanna baccifera* (Roxb.)Kurz | ရခိုင်ပြည်နယ်၊ ချင်းပြည်နယ် တောင်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီး |

**ဝါးအမျိုးအစားအလိုက် တစ်တန်တွင် ပါဝင်သည့်ဝါးလုံးအရေအတွက်**

ဝါးမျိုးအလိုက် ၃ နှစ်သားဝါးများ၏ အလေးချိန် တစ်တန်တွင် ပါဝင်သော ဝါးလုံးအရေအတွက်စာရင်းကို ဇယား (၂)ဖြင့် ဖော်ပြအပ်ပါသည်။

ဇယား-၂။ **၃ နှစ်သားဝါးတစ်လုံး၏ အလေးချိန်နှင့် တစ်တန်တွင်ပါဝင်သည့် ဝါးလုံးအရေအတွက်**

| စဉ် | ဝါးအမျိုးအမည် | ဝါးတစ်လုံး၏အလေးချိန် (Kg) | တစ်တန်တွင်ပါဝင်သည့် ဝါးလုံး (လုံး) | Source |
|---|---|---|---|---|
| ၁။ | ကြခတ်ဝါး | ၁၂.၉၄ | ၇၇ | doc-developpment-durable.org, 2014 |
| ၂။ | ကြသောင်းဝါး | ၁၅.၉၁ | ၆၂ | Aung Zaw Moe, 2003 |
| ၃။ | သိုက်ဝါး | ၁၅.၁၀ | ၆၆ | Choudhury.H., 2016 |
| ၄။ | တင်းဝါး | ၁၀.၉၈ | ၉၁ | Aung Zaw Moe, 2003 |
| ၅။ | မြင်ဝါး | ၁၁.၂၀ | ၈၄ | Aung Zaw Moe, 2003 |
| ၆။ | ကရင်ဝါး/ခရင်ဝါး | ၅.၄၂ | ၁၈၄ | Singnar. P.,2015 |

**ဝါးစိုက်ခင်းအတွက် သင့်တော်သည့် ပန္နက်အကွာအဝေး**

စက္ကူပျော့ဖတ်ထုတ်ရန် ဝါးကုန်ကြမ်းစိုက်ခင်း တည်ထောင်မည်ဆိုပါက စနစ်တကျစီမံအုပ်ချုပ်နိုင်ရန်၊ စိုက်ခင်းပြုစုခြင်းဆောင်ရွက်နိုင်ရန်နှင့် အလွယ်တကူဝါးထုတ်ယူနိုင်ရန် ရည်ရွယ်သဖြင့် ပန္နက်အကွာအဝေး ၁၂ ပေ x ၁၂ ပေ ခြား၍ စိုက်ပျိုးသင့်ပါသည်။ ၁၂ ပေ x ၁၂ ပေ အကွာအဝေးဖြင့် စိုက်ပါက တစ်ဧကလျှင် ဝါးရုံပင် ၃၀၀ ထည့်သွင်းစိုက်ပျိုးနိုင်ပါသည်။

ဝါးစိုက်ခင်းတည်ထောင်ပြီး ငါးနှစ်သက်တမ်းတွင် ဝါးများ စတင်ခုတ်ယူနိုင်ပါမည်။ ဝါးရုံတစ်ရုံမှ သုံးနှစ်သား ဝါးရင့်များကို စတင်ခုတ်ယူနိုင်ပါသည်။

**ဝါးပျိုးထောင်မျိုးပွားခြင်း**

ဝါးပင်အား မျိုးပွားခြင်းနည်း နှစ်နည်းရှိပါသည်။ ၎င်းတို့မှာ-

(က) ဝါးစေ့ကို အသုံးပြု၍ မျိုးပွားခြင်း၊

(ခ) ခန္ဓာပိုင်း (ပင်ပိုင်းအင်္ဂါအစိတ်အပိုင်း)များကို အသုံးပြု၍ မျိုးပွားခြင်း ဟူ၍ ဖြစ်ပါသည်။

ဝါးစေ့သည် နှစ်အပိုင်းအခြားတစ်ခုရောက်မှသာ ရရှိနိုင်သည့်အတွက် အချိန်တိုင်း (သို့) နှစ်စဉ်ဝါးစေ့မှ မျိုးပွားရယူနိုင်ရန်မှာ မလွယ်ကူလှပေ။ သို့ဖြစ်၍ ဝါးများကို မျိုးပွားရယူရန် ခန္ဓာပိုင်း မျိုးပွားနည်းကို အဓိကအသုံးချမျိုးပွားနိုင်ပါသည်။

**ဝါးစေ့ကို အသုံးပြု၍ မျိုးပွားခြင်း**

ဝါးအမျိုးအစားနှင့် ဒေသကိုလိုက်၍ ဝါးသည် နှစ် ၂၀ မှ ၆၀ ခန့်ကြာမှ ဝါးသုဉ်း (ဝါး ပွင့်သီး) ပြီး အသီးတစ်ကြိမ် သီးလေ့ရှိပါသည်။ ဝါးမျိုးစေ့ကို နှစ်စဉ်မရရှိနိုင်သောကြောင့် အစေ့မှ ပျိုးထောင်မျိုးပွားခြင်းနည်းပါးပါသည်။ သို့ရာတွင် ဝါးသုဉ်းခြင်း ဖြစ်ပေါ်ပြီးပါက ဝါးသီးများစွာ သီးလေ့ရှိသည်။ ဝါးစေ့များကို ကြာရှည်သိုလှောင်ပါက အစေ့ပေါက်နှုန်း ကျဆင်းနိုင်သဖြင့် နှစ်ချင်းအမြန်ပျိုးထောင်ရန်လိုအပ်ပါသည်။

**ဝါးစေ့များပျိုးထောင်ရန် မျိုးဖောက်ပေါင်ပြုလုပ်ခြင်း**

ဝါးစေ့များ မျိုးဖောက်ရန် အကျယ် ၄ ပေ၊ အလျားပေ ၂၀၊ အမြင့် ၈ လက်မခန့်ရှိ မျိုးဖောက်ပေါင်များကို နေရောင်ခြည် ကောင်းစွာရရှိပြီး ရေမဝပ်သည့် မြေနေရာတွင် ပြုလုပ်ထားရပါမည်။ မျိုးဖောက်ပေါင်အတွင်း သဲ၊ ဖွဲပြာနှင့် မြေဆွေးတို့ကို (၅:၃:၂) အတိုင်း ရောစပ်၍ မျိုးဖောက်ပေါင်အတွင်းတွင် ထည့်သွင်းပြီး မျက်နှာပြင် ညီညာစေရန် ညှိပေးရပါမည်။

**ဝါးစေ့များပျိုးထောင်ခြင်း**

ဝါးစေ့များကို ပြုပြင်ထားသော မျိုးဖောက်ပေါင်များအတွင်း ကြဲပက်၍ဖြစ်စေ၊ လိုင်းအလိုက်ဖြစ်စေ မျိုးဖောက် ပျိုးထောင်နိုင်ပါသည်။ မျိုးဖောက်ပေါင်အတွင်း ဝါးစေ့များ ချပြီးပါက ၎င်းတို့၏ အပေါ် ၁ ဒသမ ၅ လက်မခန့် မြေဆီလွှာ ဖုံးအုပ်ပေးပြီး ၎င်းပေါ်မှ ထပ်မံ၍ မြက်ခြောက် (သို့) ကောက်ရိုးခြောက်ဖြင့် ဖုံးအုပ်ကာ ရေလောင်းပေးရပါမည်။ တစ်ရက်လျှင် ရေအနည်းဆုံး (၂) ကြိမ် လောင်းပေးရန် လိုအပ်ပါသည်။ ရက်သတ္တ ၁ - ၂ ပတ်အတွင်း ဝါးစေ့များ အညှောက်ပေါက်လာမည်ဖြစ်ပါသည်။

**ဝါးပင်ပေါက်များရွှေ့ပြောင်းပျိုးထောင်ခြင်း**

မျိုးဖောက်ပေါင်အတွင်း မျိုးဖောက်ထားသော ဝါးပင်ငယ်များ အရွက် ၃-၄ စုံ ထွက်ရှိလာချိန် သက်တမ်းတစ်လခွဲခန့်ရှိ ဝါးပျိုးပင်ငယ်များကို အသင့်ပြင်ဆင်ထားသော ပလတ်စတစ်အိတ်များသို့ ရွှေ့ပြောင်း၍ ဆက်လက်ပျိုးထောင်ရပါမည်။ ယင်းသို့ပျိုးထောင်ချိန်တွင် နေရောင်ခြည်အနည်းငယ်ထားရှိပေးရန်နှင့် အစိုဓာတ်မပြတ်စေရန် ဂရုပြုဆောင်ရွက်ပေးရန် အထူးလိုအပ်ပါသည်။

**ဝါးပင်ပိုင်း(ခန္ဓာပိုင်း) မျိုးပွားခြင်း**

လက်တွေ့ဆောင်ရွက်ရာတွင် လွယ်ကူထိရောက်သော ဝါးခန္ဓာပိုင်းမျိုးပွားနည်းစနစ် သုံးမျိုးရှိသည်။ ၎င်းတို့မှာ -

(၁) ဝါးအမြစ်ဆုံကို အသုံးပြု မျိုးပွားစိုက်ပျိုးခြင်း၊

(၂) ဝါးဘေးကိုင်းတက်များအသုံးပြု ပျိုးထောင်စိုက်ပျိုးခြင်း၊

(၃) ဝါးအဆစ်ဖြတ်ပိုင်းများအသုံးပြု မျိုးပွားစိုက်ပျိုးခြင်းတို့ ဖြစ်ပါသည်။

**ဝါးအမြစ်ဆုံ အသုံးပြုမျိုးပွားခြင်း**

ဤနည်းသည် မိရိုးဖလာဝါးပျိုးထောင်စိုက်ပျိုးသော နည်းတစ်နည်းဖြစ်ပြီး ကျေးလက်ဒေသများရှိ ဥယျာဉ်ခြံများတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးအများဆုံးနည်းတစ်နည်းဖြစ်သည်။ အမြစ်ဆုံပါဝင်သည့် တစ်နှစ်သားရှိ မျိုးဝါးပင်ကို မိခင်ဝါးရုံမှ ဖြတ်တောက်ယူ၍ ပျိုးထောင်စိုက်ပျိုးသောနည်းဖြစ်ပါသည်။

| | | |
|---|---|---|
| အားသာချက် | - | ဤနည်းဖြင့် ပျိုးထောင်စိုက်ပျိုးပါက နှစ်အနည်းငယ်အတွင်း (၃ နှစ်မှ ၄ နှစ်အတွင်း) ဝါးထုတ်ယူနိုင်သည့် ဝါးရုံအဆင့်သို့ ရောက်ရှိနိုင်သည်။ |
| အားနည်းချက် | - | ဤနည်းဖြင့် ဧရိယာကျယ်ပြန့်သော ဝါးစိုက်ခင်း တည်ထောင်ရန်အတွက် မျိုးပင် အလုံအလောက် ရရှိရန် ခက်ခဲနိုင်ပါသည်။ |
| ဝါးအမြစ်ဆုံ စုဆောင်းချိန် | - | ဝါးရုံမှ မျှစ် (ဝါးပင်သစ်) မထွက်မီ မိုးကြိုကာလ ဧပြီလနှင့် မေလတွင် ရယူစုဆောင်းသင့်သည်။ (မြေအောက်အမြစ်အဖွဲ့အစည်း ဖွံ့ဖြိုးပြီးချိန်) |
| စိုက်ပျိုးချိန် | - | ၄က်ပျောကဆုန်၊ ဝါးနယုန်ဆိုသည့်အတိုင်း မေလ ကုန် ဇွန်လဆန်းတွင် ပျိုးထောင်ပြီး မိုးဦးကျပြီးသည်နှင့် စိုက်ပျိုးနိုင်ပါက ပိုမိုအောင်မြင်နိုင်ပါသည်။ (နေရာဒေသကိုလိုက်၍ ရာသီဥတုနှင့် ဝါးရုံမှမျှစ် စတင်ထွက်မည့်အချိန်ကို လေ့လာ၍ စိုက်ပျိုးချိန်အား တွက်ချက်သင့်ပါသည်။) |
| ရင့်သန်သော ဝါးခုတ်ယူခြင်း | - | ဤနည်းဖြင့် ပျိုးထောင်စိုက်ပျိုးပါက စိုက်ပျိုးပြီး အနည်းဆုံး သုံးနှစ်ကြာပါက ဝါးရင့်များ စတင်ခုတ်ယူနိုင်မည်ဖြစ်ပါသည်။ |

**ဝါးအမြစ်ဆုံကို အသုံးပြုမျိုးပွားစိုက်ပျိုးခြင်း**

- ➢ ဤနည်းသည် ဝါးပျိုးထောင်ရာတွင် အသုံးများသည့် နည်းတစ်နည်းဖြစ်ပြီး အောင်မြင်မှု ပိုမိုရရှိနိုင်ပါသည်။
- ➢ အမြစ်ဆုံယူမည့် မိခင်ဝါးပင်၏အသက်သည် တစ်နှစ်သားဖြစ်ရပါမည်။
- ➢ တူးယူဖြတ်တောက်ရာတွင် နှစ်နှစ်သားဝါးပင်၏ အခြေနှင့်ဆက်နေသည့် တစ်နှစ်သားဝါးပင်အမြစ်ဆုံ၏ လယ်တိုင်အား သေချာကြည့်၍ ဂရုပြုဖြတ်တောက်ရပါမည်။
- ➢ တူးယူသည့်အခါ အမြစ်ဆုံရှိ ဘေးမျက်စိများ မပျက်စီးရန်နှင့် အမြစ်ခေါင်းမကွဲစေရန် ဂရုပြုရပါမည်။
- ➢ ဖြတ်တောက်ယူထားသော အမြစ်ဆုံများအား ရေစိုအဝတ်ဖြင့် အုပ်ခြင်း (သို့) ရေမပြတ် ဆွတ်ပေးရန်လိုအပ်ပါသည်။
- ➢ အမြစ်ဆုံကို မိုးမကျမီ ကဆုန်လ (ဇွန်လ) တွင် တိုက်ရိုက်သော်လည်းကောင်း၊ ပျိုးအိတ်ကြီးများတွင်သော်လည်းကောင်း ၄၅ ဒီဂရီခန့်စောင်း၍ စိုက်ပျိုးပေးရပါသည်။
- ➢ စိုက်ပျိုးပြီးပါက တစ်နေ့ရေနှစ်ကြိမ်မှန်မှန်လောင်းပေးရပါမည်။



ဝါးအမြစ်ဆုံ စုဆောင်းခြင်းနှင့်ပျိုးထောင်ပုံ

**ဝါးဘေးကိုင်းတက်များ အသုံးပြုပျိုးထောင်စိုက်ပျိုးခြင်း**

ဤနည်းသည် ဘေးကိုင်းတက်ထွက်သော ဝါးမျိုးများအတွက် သင့်တော်သော မျိုးပွားနည်းတစ်မျိုးဖြစ်သည်။ ဝါးလုံးတစ်လျှောက်ရှိ ဝါးအဆစ်များမှ ထွက်နေသော ဘေးကိုင်းတက်များကို အသုံးပြု၍ ဝါးပျိုးပင်သစ်တစ်ပင်ရရှိအောင် မျိုးပွားသောနည်း ဖြစ်ပါသည်။

| | | |
|---|---|---|
| အားသာချက် | - | ဤနည်းသည် မျိုးပွားမည့် ဘေးကိုင်းတက်များကို မိခင်ဝါးရုံမှ ဖြတ်တောက်စုဆောင်းပြီး ဘေးကိုင်းတက်အား အပင်သစ်တစ်ပင်အဖြစ် ရှင်သန်စေသောကြောင့် ရှင်သန်မှုနှုန်းကောင်းပါသည်။ အရွယ်ညီဝါးပျိုးပင်များ ရရှိနိုင်ပြီး ပျိုးပင်အရေအတွက်များများကို ကုန်ကျစရိတ်နည်းနည်းဖြင့် ပျိုးထောင်နိုင်ဖြစ်ပါသည်။ |
| အားနည်းချက် | - | ဤနည်းဖြင့် ပျိုးထောင်ပါက ကျွမ်းကျင်လုပ်သားလိုအပ်ပါသည်။ ဘေးကိုင်းတက်မရှိသော ဝါးမျိုးများအတွက် သင့်တော်မှုမရှိပေ။ (ဥပမာ ထီးရိုးဝါး) |

စာမျက်နှာ ၇ သို့ ❍

❍ စာမျက်နှာ ၆ မှ

ဆောင်ရွက်ချိန် - ခြောက်သွေ့သောရာသီတွင် ဆောင်ရွက်နိုင်ပါသည်။ (မတ်၊ ဧပြီ) အစိုဓာတ်မပြတ်စေရန် ဂရုပြုရန်လိုအပ်သည်။ ပျိုးထောင်ပြီး တစ်လအကြာတွင် ဘေးကိုင်းတက်အခြေ ဖောင်းကြွနေသော ဘုမှ အမြစ်များ ဖွံ့ဖြိုးနိုင်သည်။ နောက် ၃-၄ လ ကြာပါက အမြစ်များ ကောင်းစွာဖွံ့ဖြိုးကြသည်။

စိုက်ပျိုးခြင်း - အမြစ်များ ကောင်းစွာဖွံ့ဖြိုးပြီးပါက ဘေးကိုင်းတက်ပျိုးပင်များကို မိခင်ဝါးပင်မှ ဂရုတစိုက်ဖြတ်တောက်ယူ၍ စိုက်ပျိုးနိုင်ပါသည်။ မိုးဦးကျပြီး အစိုဓာတ်များများရသည့်ကာလတွင် မြေချစိုက်ပျိုးနိုင်ပါသည်။

ရင့်သန်သော ဝါးခုတ်ယူခြင်း - ဤနည်းဖြင့် ပျိုးထောင်ပြီး စနစ်တကျပြုစုမှုပေးပါက စိုက်ပျိုးပြီး ၄-၅ နှစ် ကျော်သည့် အချိန်တွင် ဝါးရင့်များ စတင်ခုတ်ယူနိုင်မည် ဖြစ်ပါသည်။

- ➢ ဘေးကိုင်းတက်ယူမည့်အမေပင်သည် တစ်နှစ်သားဖြစ်ရမည်။
- ➢ ဖြတ်တောက်ယူရာတွင် ဘေးကိုင်းတက်၏အခြေရှိ အမြစ်ခေါင်း ထိခိုက်မှု မရှိစေရန်ဂရုပြုရပါမည်။
- ➢ ခုတ်ယူပြီးဘေးကိုင်းတက်များ အလွယ်တကူခြောက်သွေ့မသွားစေရန် ရေစိုအဝတ် (သို့) ရေစိမ်ထားသော ကောက်ရိုးဖြင့် ပတ်ထားရပါမည်။
- ➢ ဖြတ်တောက်ယူမည့် ဘေးကိုင်းတက်အပေါ်ပိုင်းရှိ အဆစ် ၂-၃ ဆစ်ခန့်ပါအောင် ဖြတ်တောက်ယူရပါမည်။
- ➢ ဖြတ်တောက်ယူထားသော ဘေးကိုင်းတက်ကို အသင့်မြေစပ်ထားသော ပျိုးအိတ်များတွင် ခပ်စောင်းစောင်းအနေအထားဖြင့် ပျိုးထောင်ရပါမည်။
- ➢ ပျိုးထောင်စဉ် တစ်နေ့ရေ နှစ်ကြိမ် မှန်မှန်လောင်းပေးရန် လိုအပ်ပါသည်။



ဝါးဘေးကိုင်းတက်အသုံးပြု၍ ပျိုးထောင်ခြင်းပြပုံ

**ဝါးအဆစ်ဖြတ်ပိုင်းများ အသုံးပြု မျိုးပွားစိုက်ပျိုးခြင်း**

ဤမျိုးပွားနည်းသည် ဝါးပင်အဆစ်များကို ဖြတ်တောက်၍ (တစ်ဆစ်/နှစ်ဆစ်) မြေတွင် မြှုပ်၍ ဘေးဖူးများမှ ဝါးပင်သစ်များအဖြစ် ဖွံ့ဖြိုးလာစေရန် ပျိုးထောင်သော နည်းဖြစ်ပါသည်။

အားသာချက် - ဤမျိုးပွားနည်းသည် လုပ်ဆောင်ရလွယ်ကူပြီး လုပ်အားသက်သာကာ သယ်ယူပို့ဆောင်ရာတွင် လွယ်ကူပါသည်။ ဤနည်းကို ဘေးကိုင်းတက်မထွက်သောဝါးမျိုးများ မျိုးပွားရယူရန်အတွက် အသုံးပြုနိုင်သည်။

အားနည်းချက် - အသားပါးသော ဝါးမျိုးများအတွက် အဆစ်ဖူးမှ ရွက်ညွှန့်နှင့် အမြစ်ထွက်ရှိရန် အားနည်းပါသည်။ ရှင်သန်အောင် လုံသောဝါးပျိုးပင်ရရှိရန် ခက်ခဲနိုင်ပါသည်။

အညွှန့်နှင့် အမြစ်ထွက်ခြင်း - ပျိုးထောင်ထားသော အဆစ်ပိုင်းများမှ ၁ လအတွင်း အညွှန့်များ ထွက်၍ အမြစ်ထွက်ရန် ၁ လခွဲမှ ၃ လ ခန့် ကြာမြင့်တတ်သည်။

စိုက်ပျိုးခြင်း - အမြစ်များ ကောင်းစွာဖွံ့ဖြိုးပြီးပါက ဝါးဆစ်ပိုင်းပျိုးပင်များကို မိုးဦးကျပြီး အစိုဓာတ်များများရသည့်ကာလတွင် မြေချစိုက်ပျိုးနိုင်ပါသည်။

ရင့်သန်သော ဝါးခုတ်ယူခြင်း - ဤနည်းဖြင့်ပျိုးထောင်ပြီးစနစ်တကျပြုစုမှုပေးပါက စိုက်ပျိုးပြီး ၅-၆ နှစ် ကျော်သည့်အချိန်မှ ဝါးရင့်များ စတင်ခုတ်ယူနိုင်မည်ဖြစ်ပါသည်။

- ➢ တစ်နှစ်/တစ်နှစ်ခွဲ သက်တမ်းရှိ ဝါးပင်(အမေပင်) ၏ အလယ်ပိုင်းရှိ ဝါးအဆစ်ပိုင်းများကို အသုံးပြုရပါသည်။ အဖျားပိုင်းနှင့် အရင်းပိုင်းမှ အဆစ်များ မရွေးချယ်ရပါ။
- ➢ ဖြတ်တောက်ပြီး အဆစ်ပိုင်းများကို ရေစိုဝတ်ဖြင့် ပတ်ထားရန် လိုအပ်ပါမည်။
- ➢ အဆစ်နှစ်ဆစ်ကြား အလယ်တွင် အပေါက်ဖောက်၍ ရေ (သို့) အပင် အားဆေးရည် ထည့်၍ ပျိုးထောင်ရပါသည်။
- ➢ မြေကြီးတွင် ဝါးအဆစ်များမြုပ်ရုံအနက်ထား၍ အပေါ်မှ ကောက်ရိုးများ ဖုံး၍ တစ်နေ့ရေနှစ်ကြိမ်လောင်းပေးရပါသည်။

- ➢ ရက်သတ္တ နှစ်ပတ်ခန့်တွင် အညွှန့်နှင့် အရွက်များ ထွက်လာပြီး တစ်လခန့် ကြာသော် အမြစ်ကောင်းစွာဖွံ့ဖြိုးလာပြီး ဝါးပျိုးပင်ငယ်များ ရရှိ၍ စိုက်ပျိုးနိုင်မည်ဖြစ်ပါသည်။



ဝါးအဆစ်ဖြတ်ပိုင်း ပျိုးထောင်စိုက်ပျိုးပုံအဆင့်

**ဝါးစိုက်ပျိုးခြင်း**

- ➢ ဝါးပျိုးထောင်ရန် အကောင်းဆုံး ရာသီချိန်မှာ (ငှက်ပျောကဆုန်၊ ဝါး နယုန်ဆိုသည့်အတိုင်း) မေလကုန် ဇွန်လဆန်းတွင် ပျိုးထောင်စိုက်ပျိုးပါက အောင်မြင်သော ဝါးစိုက်ခင်းကို တည်ထောင်နိုင်မည်ဖြစ်သည်။ ဝါးပင်စိုက်ပျိုးသည့်အခါတွင် (ငှက်ပျောတစ်နှိုက်၊ ဝါးတစ်မိုက် ဆိုသည့်အတိုင်း) အပင်ခြေအား မြေအောက်အနက် ၉ လက်မခန့်သာထား၍ စိုက်ရန်လိုအပ်သည်။
- ➢ စိုက်ပြီးသည့်ဝါးပျိုးပင်များ လေဒဏ်ကို ခံနိုင်ရန် လေတိုက်ရာလမ်းကြောင်းအတိုင်း အလိုက်သင့် ခပ်စောင်းစောင်းထား၍ စိုက်ရန်နှင့် အပင်ရင်းအား နာနာနင်း၍ စိုက်ရန် လိုအပ်သည်။
- ➢ စိုက်ပြီးဝါးငုတ်များ လှုပ်ရမ်းခြင်းမှ ကာကွယ်ရန် စိုက်ပင်အား ငုတ်တစ်ခုရိုက်၍ မြဲမြံစွာ ချည်နှောင်စိုက်ပျိုးရသည်။

**ဝါးမျိုးပွားပျိုးထောင် စိုက်ပျိုးရာတွင် လိုက်နာရမည့် အဓိကအချက်များ**

- ➢ (ပျိုးထောင်ချိန်) ဝါးမျိုးပွားခြင်းကို ပွင့်လင်းရာသီ (ဝါးမြေအောက်ပင်စည်ပိုင်း နိုးကြားနေချိန်) ဖေဖော်ဝါရီ၊ မတ်နှင့် ဧပြီလတို့တွင် ပြုလုပ်ရမည်။
- ➢ (ဝါးပင်အသက်) ဝါးမျိုးပွားနည်းအလိုက် ရှိသင့်သည့် မိခင်ဝါးပင်၏အသက်ကို (သတ်မှတ် အသက်ထက် မကျော်ရန်) ဂရုပြုရွေးချယ်ရသည်။
- ➢ (ရှင်သန်ခြင်း) ပျိုးထောင်သည့်ဝါးပင်သည် အညွှန့်ထွက်ရုံဖြင့် ရှင်သန်သည်ဟု မဆိုနိုင်ပါ။ မြေအောက်အမြစ်ဆုံမှ (မျှစ်) ဝါးပင်ငယ်ထွက်လာမှသာ ရှင်သန်သည်ဟု ဆိုနိုင်ပါသည်။ သို့ဖြစ်၍ ပျိုးပင်များ မျှစ်ထွက်အောင် ရေမှန်မှန်လောင်းပေးခြင်း၊ အရိပ်စင် ပြုလုပ်ပေးခြင်း ဆောင်ရွက်ပေးရမည်။
- ➢ (မြေချစိုက်ပျိုးချိန်) ဝါးပျိုးပင်များကို စိုက်ပျိုးသည့်အခါ ကဆုန်လ (ဇွန်လ) ထက် နောက်မကျစေဘဲ ပျိုးထောင်ပြီး မြေချစိုက်ပျိုးရမည်။
- ➢ (ပြုစုထိန်းသိမ်းခြင်း) ပျိုးထောင်ထားသော ဝါးပျိုးပင်များ ကောင်းမွန်စွာ ရှင်သန်နိုင်ရန် ရေလောင်းပေါင်းသင်ခြင်း၊ လိုအပ်ပါက မြေဩဇာကျွေးခြင်း၊ ပိုးမွှားရောဂါဒဏ် ကာကွယ်ခြင်းများ ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။

ယခုတင်ပြချက်တွင် မြန်မာနိုင်ငံ၏ ဝါးသယံဇာတအရင်းအမြစ်များနှင့် စီးပွားရေး အသုံးဝင်ဝါးမျိုးများနှင့် စက္ကူပျော့ဖတ်ထုတ်လုပ်နိုင်သည့် ဝါးမျိုးများ၊ ဝါးပျိုးထောင် စိုက်ပျိုးခြင်းဆိုင်ရာများကို စုစည်းတင်ပြထားပါသည်။

ဝါးသယံဇာတသည် မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေ ပြည်သူများအတွက် အရေးကြီးသည့် သစ်မဟုတ်သော သစ်တောထွက် ပစ္စည်းတစ်မျိုးဖြစ်ပြီး ယခုအခါ ဝါးအခြေခံအသေးစားစက်မှုလက်မှုလုပ်ငန်းများ၊ ဝါးပျော့ဖတ်ထုတ်လုပ်ခြင်းများ ထွန်းကားလာသည်နှင့်အမျှ ဝါးသယံဇာတ စဉ်ဆက်မပြတ်ရရှိရန်မှာ အရေးကြီးသည့်အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်။ သို့ဖြစ်ပါ၍ ဝါးသယံဇာတများရေရှည်တည်တံ့ထုတ်ယူသုံးစွဲနိုင်ရန်သဘာဝဝါးတောများပြုစုခြင်း၊ စနစ်တကျ ဝါးနှင့် မျှစ်ထုတ်ယူခြင်း ဆောင်ရွက်ရန်နှင့် ဝါးအခြေပြု အသေးစားစက်မှုလုပ်ငန်းများအား မြှင့်တင်ပေးရန် လိုအပ်လျက်ရှိပါသည်။

**ကိုးကားစာရင်း**

၁။ Global Forest Resources Assessment 2005, Myanmar Country Report on Bamboo Resources 2005.

၂။ INBAR Technical Report N0. 1, Priority Species of Bamboo and Rattan, 1994

၃။ Kress.et.al 2003, A Checklist of the Tree, Shrubs, Herbs and Climbers of Myanmar

၄။ Review of bamboo management, technical report no.1, PD 56/99 Rev. 1 (I), ITTO, Royal Forest Department, Thailand, 2001.

၅။ ဝါးစိုက်ပျိုးပြုစုခြင်းနှင့် စီမံအုပ်ချုပ်ခြင်းလက်စွဲ၊ ဝါးနှင့်ကြိမ် ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (CFC/INBAR/01 Project) 2011

၆။ ဦးအောင်ဇော်မိုး ၂၀၁၂၊ သဘာဝဝါးတောများစီမံအုပ်ချုပ်ခြင်း

နောက်ဆက်တွဲဇယားများ

**ဝါးစိုက်ခင်းစိုက်ပျိုးပြီး ဝါးတစ်ရုံမှ နှစ်အလိုက် ခုတ်နိုင်သည့် ဝါးရင့်အရေအတွက် ခန့်မှန်းချက်**

| နှစ် | ဝါးတစ်ရုံတွင် နှစ်အလိုက်ရှိမည့် ဝါးလုံးအရေအတွက် (လုံး) | | | | | တစ်ဧက ထုတ်ယူနိုင်မည့် ဝါး (လုံး) |
|---|---|---|---|---|---|---|
| | မူလရှိဝါး | အသစ်ထွက်ရှိသည့်ဝါး | စုစုပေါင်း | ဝါးခုတ်ယူခြင်း | နှစ်အလိုက်ရှိမည့်ဝါး | |
| ပထမနှစ် | ၁ | ၀ | ၀ | ၀ | ၁ (၃၀၀) | ၀ |
| ဒုတိယနှစ် | ၁ | +၃ | ၄ | ၀ | ၄ (၁,၂၀၀) | ၀ |
| တတိယနှစ် | ၄ | +၈ | ၁၂ | ၀ | ၁၂ (၃,၆၀၀) | ၀ |
| စတုတ္ထနှစ် | ၁၂ | +၁၀ | ၂၂ | ၀ | ၂၀ (၆,၀၀၀) | ၀ |
| ပဉ္စမနှစ် | ၂၀ | +၁၀ | ၃၀ | -၄ | ၂၄ (၇,၂၀၀) | ၁၂၀၀ |
| ဆဋ္ဌမနှစ် | ၂၄ | +၁၀ | ၃၄ | -၈ | ၂၄ (၇,၂၀၀) | ၂၄၀၀ |
| သတ္တမနှစ် | ၂၄ | +၁၀ | ၃၄ | -၁၀ | ၂၄ (၇,၂၀၀) | ၃,၀၀၀ |
| အဋ္ဌမနှစ် | ၂၄ | +၁၀ | ၃၄ | -၁၀ | ၂၄ (၇,၂၀၀) | ၃,၀၀၀ |

မှတ်ချက်။ စိုက်ခင်းတည်ထောင်ပြီး ပဉ္စမနှစ်မှစ၍ ဝါးရင့်များစတင်ခုတ်ယူနိုင်ပြီး သတ္တမနှစ်မှစ၍ နှစ်စဉ် တစ်ဧကအထွက်နှုန်းအား တစ်ပြေးညီ စဉ်ဆက်မပြတ် ထုတ်ယူရရှိနိုင်ပါမည်။

**ဝါးမျိုးအလိုက်/နှစ်အလိုက် တစ်ရုံမှထွက်ရှိမည့် ဝါးအလေးချိန်ခန့်မှန်းချက်**

| စဉ် | ဝါး အမျိုးအမည် | ဝါးတစ်လုံး အလေးချိန် Kg (ton) | နှစ်အလိုက်ဝါးတစ်ရုံမှထွက်ရှိမည့် ဝါးအရေအတွက် (လုံး) နှင့်အလေးချိန် | | | | | | သတ္တမနှစ်မှစ၍ ဝါးတစ်ရုံမှ ထွက်ရှိမည့် အလေးချိန် (မက်ထရစ်တန်) |
|---|---|---|---|---|---|---|---|---|---|
| | | | ပဉ္စမနှစ် | | ဆဋ္ဌမနှစ် | | သတ္တမနှစ် | | |
| | | | ဝါး (လုံး) | အလေးချိန် Kg (ton) | ဝါး (လုံး) | အလေးချိန် (Kg) (ton) | ဝါး (လုံး) | အလေးချိန် (Kg) (ton) | |
| ၁။ | ကြခတ်ဝါး | ၁၂.၉၄ (၀.၀၁၂၉၄) | ၄ | ၅၁.၇၆၉ (၀.၀၅၁၇၆) | ၈ | ၁၀၃.၅၂ (၀.၁၀၃၅၂) | ၁၀ | ၁၂၉.၄ (၀.၁၂၉၄) | ၀.၁၂၉၄ |
| ၂။ | ကြသောင်းဝါး | ၁၅.၉၁ (၀.၀၁၅၉၁) | ၄ | ၆၃.၆၃ (၀.၀၆၃၆၃) | ၈ | ၁၂၇.၂၈ (၀.၁၂၇၂၈) | ၁၀ | ၁၅၉.၁ (၀.၁၅၉၁) | ၀.၁၅၉၁ |
| ၃။ | သိုက်ဝါး | ၁၅.၁၀ (၀.၀၁၅၁) | ၄ | ၆၀.၄၀ (၀.၀၆၀၄) | ၈ | ၁၂၀.၈၀ (၀.၁၂၀၈) | ၁၀ | ၁၅၁.၀ (၀.၁၅၁၀) | ၀.၁၅၁၀ |

စာမျက်နှာ ၈ သို့ ❍



# ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင် လူမှုဝန်ထမ်းဦးစီးဌာန သင်တန်းကျောင်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကျိုက်ဝိုင်းဘုရားလမ်းရှိ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း အသက်မွေးသင်တန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာကို ကြည့်ရှုစစ်ဆေးပြီး မသန်စွမ်းသူများအား လူသားချင်းစာနာသော စိတ်ထားဖြင့် စေတနာ၊ ဝါသနာ၊အသိပညာ၊အတတ်ပညာများဖြင့် ပြုစုစောင့်ရှောက်ပေးကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၂၉)နှင့် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၁၃)သင်တန်းဖွင့်ပွဲ ကျင်းပ





ရန်ကုန် မေ ၁၁

အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၂၉) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အောက်မြန်မာပြည်)ကေတုမတီခန်းမ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစိုးတင့်၊ တိုင်းဒေသကြီး ပြန်ကြားရေး၊ ကယ်ဆယ်ရေးနှင့် သာသနာရေးဝန်ကြီး၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ် သင်ကြား၊ စီမံဌာနများမှ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**ပြောကြား**

ဦးစွာ ပြည်ထောင်စုရာထူးဝန် အဖွဲ့ဝင်က နိုင်ငံ့ဝန်ထမ်းအဖွဲ့ အစည်းအသီးသီး၌ စီမံခန့်ခွဲမှု တာဝန် ထမ်းဆောင်နေသည့် အဆင့်မြင့် အရာထမ်းများအား နိုင်ငံတော်၏ မူဝါဒလုပ်ငန်းစဉ်များ၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းစဉ်များနှင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ အပြည်ပြည်ဆိုင်ရာဥပဒေတို့ကိုသိရှိပြီး စီမံခန့်ခွဲရေးလုပ်ငန်း တာဝန်များကို ထမ်းဆောင်ရာတွင် ဥပဒေနှင့်အညီ ကျင့်သုံးလိုက်နာဆောင်ရွက်တတ်စေရန်၊ နိုင်ငံတော်၏ အဆင့်မြင့် တာဝန်များကို အောင်မြင်စွာ သယ်ပိုးထမ်းရွက်နိုင်သည့် အနာဂတ်နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်စေရေး ရည်ရွယ်လေ့ကျင့်ပေးသည့် သင်တန်းဖြစ်ကြောင်း ပြောကြားသည်။

အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၂၉)ကို မေ ၁၁ ရက်မှ ဇူလိုင် ၃ ရက်အထိ သင်တန်းသား ၂၇ ဦး၊ သင်တန်းသူ ၂၂ ဦး စုစုပေါင်း ၄၉ ဦးဖြင့် ရှစ်ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်သည်။

နံနက် ၉ နာရီတွင် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၁၃)၏ သင်တန်းဖွင့်ပွဲကို ရတနာသိင်္ဃခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုရာထူးဝန် အဖွဲ့ဝင်က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၅၀၊ သင်တန်းသူ ၄၄၈ ဦး စုစုပေါင်း ၄၉၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၁၁ ရက်မှ ဇွန် ၁၂ ရက်အထိ ရက်သတ္တငါးပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❍ စာမျက်နှာ ၇ မှ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၄။ | တင်းဝါး | ၁၀.၉၈ (၀.၀၁၀၉၈) | ၄ | ၄၃.၉၂ (၀.၀၄၃၉၂) | ၈ | ၈၇.၈၄ (၀.၀၈၇၈၄) | ၁၀ | ၁၀၉.၈ (၀.၁၀၉၈) | ၀.၁၀၉၈ |
| ၅။ | မြင်ဝါး | ၁၁.၂၁ (၀.၀၁၁၂၁) | ၄ | ၄၄.၈၄ (၀.၀၄၄၈၄) | ၈ | ၈၉.၆၈ (၀.၀၈၉၆၈) | ၁၀ | ၁၁၂.၁ (၀.၁၁၂၁) | ၀.၁၁၂၁ |
| ၆။ | ကရင်ဝါး | ၅.၄၂ (၀.၀၀၅၄၂) | ၄ | ၂၁.၆၈ (၀.၀၂၁၀၈) | ၈ | ၄၃.၃၆ (၀.၀၄၃၃၆) | ၁၀ | ၅၄.၂၀ (၀.၀၅၀၄၂) | ၀.၀၅၀၄၂ |

မှတ်ချက်။ ၁၀၀၀ ကီလိုဂရမ် = ၁ မက်ထရစ်တန်

**ဝါးမျိုးအလိုက်/နှစ်အလိုက် တစ်ကေရှိ ဝါးရုံ ၃၀၀ မှထွက်ရှိမည့် ဝါးရင့်အလုံးရေနှင့် မက်ထရစ်တန်ခန့်မှန်းချက်**

| စဉ် | ဝါးမျိုးအမည် | တစ်ကေမှ နှစ်အလိုက် ခုတ်ယူနိုင်သောဝါးလုံးနှင့်မက်ထရစ်တန် | | | | | |
|---|---|---|---|---|---|---|---|
| | | ပဉ္စမနှစ် | | ဆဋ္ဌမနှစ် | | သတ္တမနှစ် | |
| | | ဝါး ၄ လုံး နှုန်းဖြင့် ဝါးတစ်ရုံ၏ (မက်ထရစ်တန်) | တစ်ကေ ဝါး ၃၀၀ ရုံမှ ဝါးအလုံးရေ ၁,၂၀၀ လုံး၏ (မက်ထရစ်တန်) | ဝါး ၈ လုံး နှုန်းဖြင့် ဝါးတစ်ရုံ၏ (မက်ထရစ်တန်) | တစ်ကေ ဝါး ၃၀၀ ရုံမှ ဝါးအလုံးရေ ၂,၄၀၀ လုံး၏ (မက်ထရစ်တန်) | ဝါး ၁၀ လုံး နှုန်းဖြင့် ဝါးတစ်ရုံ၏ (မက်ထရစ်တန်) | တစ်ကေ ဝါး ၃၀၀ ရုံမှ ဝါးအလုံးရေ ၃,၀၀၀ လုံး၏ (မက်ထရစ်တန်) |
| ၁။ | ကြခတ်ဝါး | ၀.၀၅ | ၁၅ | ၀.၁၀ | ၃၀ | ၀.၁၃ | ၃၉ |
| ၂။ | ကြသောင်းဝါး | ၀.၀၆ | ၁၈ | ၀.၁၃ | ၃၉ | ၀.၁၆ | ၄၈ |
| ၃။ | သိုက်ဝါး | ၀.၀၆ | ၁၈ | ၀.၁၃ | ၃၉ | ၀.၁၅ | ၄၅ |
| ၄။ | တင်းဝါး | ၀.၀၄ | ၁၂ | ၀.၀၉ | ၂၇ | ၀.၁၁ | ၃၃ |
| ၅။ | မြင်ဝါး | ၀.၀၄ | ၁၂ | ၀.၀၉ | ၂၇ | ၀.၁၁ | ၃၃ |
| ၆။ | ကရင်ဝါး | ၀.၀၂ | ၆ | ၀.၀၄ | ၁၂ | ၀.၀၅ | ၁၅ |

မှတ်ချက်။ သတ္တမနှစ်မှစ၍ နှစ်စဉ် တစ်ကေအထွက်နှုန်းအား တစ်ပြေးညီစဉ်ဆက်မပြတ် ထုတ်ယူရရှိနိုင်ပါမည်။

**စက္ကူပျော့ဖတ် ၃.၆ သန်းရရှိစေရန် ဝါးမျိုးအလိုက်လိုအပ်သည့် ဝါးတော/ ဝါးစိုက်ခင်းဧရိယာကေ**

| စဉ် | ဝါးမျိုးအမည် | ထုတ်လုပ်နိုင်မှု (မက်ထရစ်တန်) | | လိုအပ်သည့် ဝါးတော/ဝါးစိုက်ခင်း ဧရိယာ (ကေ) |
|---|---|---|---|---|
| | | ဝါးတစ်ကေမှ ထုတ်လုပ်နိုင်မှု | ဝါးတစ်ကေမှ ထုတ်ယူနိုင်မည့် ပျော့ဖတ် | |
| ၁။ | ကြခတ်ဝါး | ၃၉ | ၇.၈ | ၄၆၁,၅၃၈ |
| ၂။ | ကြသောင်းဝါး | ၄၈ | ၉.၆ | ၃၇၅,၀၀၀ |
| ၃။ | သိုက်ဝါး | ၄၅ | ၉ | ၄၀၀,၀၀၀ |
| ၄။ | တင်းဝါး | ၃၃ | ၆.၆ | ၅၄၅,၄၅၄ |
| ၅။ | မြင်ဝါး | ၃၃ | ၆.၆ | ၅၄၅,၄၅၄ |
| ၆။ | ကရင်ဝါး | ၁၅ | ၃ | ၁,၂၀၀,၀၀၀ |

မှတ်ချက်။ ပျော့ဖတ် ၁ တန်အတွက် ဝါးလိုအပ်ချက် ၅ တန်နှုန်းဖြင့် တွက်ချက်ထားပါသည်။




# မန္တလေးတိုင်းဒေသကြီးအဆင့် ဆရာဖြစ်သင်တန်း ဆွေးနွေးပွဲ(ပိတ်ပွဲ)ကျင်းပ

မန္တလေး မေ ၁၁

မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးက ကြီးမှူးကာ ၂၀၁၆–၂၀၁၇ ပညာသင်နှစ် မူလတန်းပြဆရာ ဆရာမများအတွက် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဆရာဖြစ်သင်တန်း တိုင်းဒေသကြီးအဆင့် ဆင့်ပွားဆွေးနွေးပွဲ ပိတ်ပွဲကို ချမ်းအေးသာစံမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းရှိ ပညာမြင့်မိုရ်ခန်းမဆောင်၌ မေ ၉ ရက်က ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး (စီမံ/ ဘဏ္ဍာ) ဆရာကြီး ဦးအောင်ဆွေဦးက သင်တန်းဆင်းအမှာစကားပြောကြားပြီး ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဆရာဖြစ်သင်တန်း သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ချမ်းမြေ့မောင်(ချမ်း/စံ)



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပင်လုံအိမ်ရာအပိုင်း(၄) အမှတ်(၃၉/A) PAHTAMA GROUP Co.,Ltd တွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက မေ ၈ ရက်တွင် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။ မြင့်မြင့်ရီ

## လူမှုရေးပင်စင်ထောက်ပံ့ခြင်းအစီအစဉ် အသိပေးနှိုးဆော်ခြင်း

**၁၉၄၁ ခုနှစ်၊ ဧပြီလ ၁ ရက် (၁၃၀၂ ခုနှစ်၊ ဦးတန်ခူးလဆန်း ၆ ရက်)** မတိုင်မီ မွေးဖွားခဲ့သည့် အသက်(၈၅)နှစ်ပြည့်ပြီးသော သက်ကြီးပုဂ္ဂိုလ်များအနေဖြင့် လူမှုရေးပင်စင်အစီအစဉ်တွင် အကျိုးခံစားခွင့်ရရှိရန် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာ လူမှုဝန်ထမ်းရုံးများသို့ (၃၁-၅-၂၀၂၆) ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ပါသည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အကျိုးခံစားခွင့်ရှိသူများအား ၃ လပတ် ၂ ကြိမ် (၆)လစာ ထောက်ပံ့သွားမည်ဖြစ်ပါကြောင်းနှင့် ယခုနှစ်မှစတင်ပြီး ဖုန်းသို့ ငွေလွှဲခြင်းဖြင့် ထောက်ပံ့မည်ဖြစ်ပါ၍ ထုတ်ယူလိုသည့် ငွေလွှဲဝန်ဆောင်မှုများအား မိမိတို့၏ လက်ကိုင်ဖုန်းများတွင် ဖွင့်လှစ်ထားပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ထောက်ပံ့ခြင်းအစီအစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို လူမှုဝန်ထမ်း ဦးစီးဌာန Help Line ဖုန်းနံပါတ် 1566၊ 09-889900033 သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက်ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်း (MCCT) အစီအစဉ် အသိပေးနှိုးဆော်ခြင်း

တိုင်းဒေသကြီး/ပြည်နယ် (၇)ခုဖြစ်သော ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ **၂၀၂၆ ခုနှစ်၊ မေလ ၂၆ ရက်နေ့**အထိ ကိုယ်ဝန်ဆောင် အဖြစ်ရှိနေသူများအနေဖြင့် MCCT အစီအစဉ်တွင် အကျိုးခံစားခွင့်ရရှိရန် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် နီးစပ်ရာ လူမှုဝန်ထမ်းရုံးများသို့ (၃၁-၅-၂၀၂၆) ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင်ပါသည်။

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အကျိုးခံစားခွင့်ရှိသူများအား ၃ လပတ် ၂ ကြိမ် (၆)လစာ ထောက်ပံ့သွားမည်ဖြစ်ပါကြောင်းနှင့် ယခုနှစ်မှစတင်ပြီး ဖုန်းသို့ငွေလွှဲခြင်းဖြင့် ထောက်ပံ့မည်ဖြစ်ပါ၍ ထုတ်ယူလိုသည့် ငွေလွှဲဝန်ဆောင်မှုများအား မိမိတို့၏ လက်ကိုင်ဖုန်းများတွင် ဖွင့်လှစ်ထားပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ထောက်ပံ့ခြင်းအစီအစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို လူမှုဝန်ထမ်းဦးစီးဌာန Help Line ဖုန်းနံပါတ် 1566၊ 09-889900077 သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

## ၂၀၂၅ ခုနှစ်အတွက် အကောင်းဆုံးအားကစားသမားဆုနှင့် အကောင်းဆုံး(အုပ်ချုပ်သူ/နည်းပြ) ဆုများ ချီးမြှင့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ကြက်တောင်ပြိုင်ပွဲဖွင့်

ရန်ကုန် မေ ၁၁

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ အားကစားမီဒီယာများအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ် ကျင်းပသည့် ၂၀၂၅ ခုနှစ်အတွက် အကောင်းဆုံး အားကစားသမားဆုနှင့် အကောင်းဆုံး (အုပ်ချုပ်သူ/နည်းပြ) ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျိုက္ကဆံကွင်း ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက ဂုဏ်ပြုအမှာစကားပြောကြားပြီး ၂၀၂၅ ခုနှစ်အတွက်အကောင်းဆုံးအားကစားသမား(အမျိုးသား/အမျိုးသမီး)၊ အကောင်းဆုံး အုပ်ချုပ်သူ/ နည်းပြဆုရရှိခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ရာ ကာယဗလအားကစားသမား မောင်ရဲထွန်းနောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ကြက်တောင်ပြိုင်ပွဲဖွင့်ပွဲကို လမ်းမတော်မြို့နယ် မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်၊ အမျိုးသား ကြက်တောင်အားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဘင်ခရာအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အဆိုပါပြိုင်ပွဲကို အားကစားသမား ၂၃၉ ဦးဖြင့် မေ ၁၁ ရက်မှ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)






## မြဝတီမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ၊ ပြည်သူများ တွေ့ဆုံဆွေးနွေးပွဲပြုလုပ်

မြဝတီ မေ ၁၁

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၄)ရပ်ကွက်ရှိ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းတွင် မြဝတီမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ နှင့် ဌာနဆိုင်ရာများ၊ ပြည်သူများ တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်သည်။

ဦးစွာ ကရင်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးမင်းထွေး၊ မြဝတီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ချင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမင်းနောင်တို့က မိတ်ဆက်ခြင်းနှင့် လွှတ်တော်အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

### ရှင်းလင်းဆွေးနွေး

ထို့နောက် မြဝတီမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင်က ရက်(၁၀၀)စီမံချက်ဖြင့် ကျေးရွာမြေပုံဇာတ်ဂရန်ဆောင်ရွက်မှုများနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးက ရက်(၁၀၀)စီမံချက်ဖြင့် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ပြည်သူများက တင်ပြလိုသည်များကို ဆွေးနွေးတင်ပြကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)

## မန္တလေးဇီဝိတဒါနသံဃာ့ဆေးရုံကြီး တည်ထောင်ခြင်း (၁၈)နှစ်ပြည့် အခမ်းအနားကျင်းပနိုင်ရေးနှင့် ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေး



မန္တလေး မေ ၁၁

မန္တလေးတိုင်း ဒေသကြီး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး တည်ထောင်ခြင်း (၁၈)နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနား ကျင်းပနိုင်ရေးနှင့် ရှေ့ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဆေးရုံကြီး၌ ကျင်းပသည်။

ဦးစွာ မန္တလေးဇီဝိတဒါနသံဃာ့ဆေးရုံကြီး ကော်မတီဥက္ကဋ္ဌ ဦးစိုးလင်းနှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများက မေ ၂၃ ရက်တွင် ကျရောက်မည့် (၁၈)နှစ်ပြည့် အထိမ်းအမှတ်ပွဲတွင် စေတနာထက်သန်စွာ တာဝန်ယူဆောင်ရွက်ခဲ့ကြသည့် ကော်မတီဝင်များ၊ အထူးကုဆရာဝန်ကြီးများနှင့် ဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်မည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

### အခမဲ့ကုသပေး

ဆက်လက်၍ ဆေးရုံကြီးတွင် သံဃာတော်များနှင့် သီလရှင်များအား အခမဲ့ကုသပေးနေသည့် အပြင် ယခုအခါ ငွေကြေးအကုန်အကျ မတတ်နိုင်သည့် လူပုဂ္ဂိုလ်များအတွက်လည်း အထွေထွေရောဂါ၊ အရေပြား၊ အရိုးအကြော၊ ကျောက်ကပ်တု သွေးသန့်စင်ခြင်း၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းနှင့် အထွေထွေခွဲစိတ် ကုသမှုလုပ်ငန်းများကို သက်သာသော အဖိုးနှုန်းထားများဖြင့် လက်ခံကုသပေးသွားမည့် အစီအစဉ်များကို ထည့်သွင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

## ဗဟန်းမြို့နယ်၌ အခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေး



ရန်ကုန် မေ ၁၁

ပြည်တွင်းအခွန်များဦးစီးဌာန ဗဟန်းမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံဝင်းက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးရဲဝင်းနိုင်က အခွန်ဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

# နိုင်ငံတော်၏ စီးပွားရေးမဏ္ဍိုင်ကို အားကောင်းစေမည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးစီးပွား

**ကိုချင်း**

**အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) သည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အခြေခံမောင်းနှင်ပေးသည့် အင်အားတစ်ရပ်ဖြစ်ပြီး လုပ်သားများအတွက် အလုပ်အကိုင်အများဆုံးပေးနိုင်သည့်အပြင် ဒေသတွင်း စီးပွားရေးလည်ပတ်မှုကို အားကောင်းစေသော အဓိက အင်ဂျင်တစ်ခုလည်းဖြစ်ပါသည်။**

ထို့ကြောင့် ယခုအခါ နိုင်ငံတော်အစိုးရက MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဦးတည်ထားသည့် ဝန်ကြီးဌာနတစ်ရပ်ကို သီးခြားဖွင့်လှစ်ပေးလိုက်ခြင်းဖြင့် စီးပွားရေးစနစ်တစ်ခုလုံးအတွက်သာမက ပြည်သူလူထုအတွက်ပါ တိုက်ရိုက်နှင့် သွယ်ဝိုက်သောအကျိုးကျေးဇူးများကို သယ်ဆောင်လာမည်ဖြစ်ပြီး အရေးပါသော အလှည့်အပြောင်းတစ်ခု ဖြစ်ပေါ်လာသည်ဟု ဆိုနိုင်ပါသည်။

ဦးစွာ ဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးမည်ဖြစ်ပါသည်။ MSME လုပ်ငန်းများသည် လုပ်သားအင်အားအများအပြား လိုအပ်သည့် လုပ်ငန်းများဖြစ်သောကြောင့် ယင်းတို့ တိုးချဲ့ဖွံ့ဖြိုးလာသည်နှင့်အမျှ ဒေသအသီးသီးတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာမည်ဖြစ်ပါသည်။ ထိုအခါ လူငယ်များအနေဖြင့် မိမိတို့ဒေသ၌ပင် အလုပ်အကိုင်ရှာဖွေနိုင်ပြီး အလုပ်လက်မဲ့ပြဿနာကိုလည်း သိသိသာသာ လျှော့ချနိုင်မည်ဖြစ်ပါသည်။

ဒုတိယအချက်အနေဖြင့် MSME လုပ်ငန်းရှင်များအတွက် အရေးပါဆုံးဖြစ်သော ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာဆိုင်ရာ အခက်အခဲများကို လျှော့ချပေးမည်ဖြစ်ပါသည်။ ယခင်က ချေးငွေရယူရာတွင် ကြုံတွေ့ရသော လုပ်ထုံးလုပ်နည်း အခက်အခဲများကို လျှော့ချပေးပြီး အတိုးနှုန်းသက်သာသည့် ငွေကြေးပံ့ပိုးမှုစနစ်များကို ရရှိနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ခေတ်မီစက်ကိရိယာများနှင့် ထုတ်လုပ်မှုနည်းပညာများကို သင်ယူနိုင်ရန် သင်တန်းများနှင့် လေ့ကျင့်ရေးအစီအစဉ်များကိုလည်း စနစ်တကျစီစဉ်ပေးမည်ဖြစ်ပါသည်။

တတိယအချက်မှာ MSME ထုတ်ကုန်များ၏ ဈေးကွက်ချဲ့ထွင်နိုင်မှုဖြစ်ပါသည်။ ဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းထုတ်ကုန်များကို ပြည်ပဈေးကွက်သို့ တင်ပို့နိုင်ရန် အခွင့်အလမ်းများ ပိုမိုရရှိလာစေရန် ပံ့ပိုးပေးမည်ဖြစ်ပါသည်။ အရည်အသွေး ထိန်းချုပ်မှုစနစ်များနှင့် နိုင်ငံတကာစံချိန်စံညွှန်းများကို လိုက်နာနိုင်ရန် အထောက်အပံ့များပေးခြင်းအားဖြင့် ထုတ်ကုန်များ၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးမည်ဖြစ်ပါသည်။ ကုန်စည်ပြပွဲများနှင့် ကုန်သွယ်မှုဆိုင်ရာ ချိတ်ဆက်မှုများကိုလည်း စီစဉ်ပေးခြင်းဖြင့် MSME လုပ်ငန်းများ၏ ဈေးကွက်လမ်းကြောင်းများ ပိုမိုကျယ်ပြန့်လာမည်ဖြစ်ပါသည်။

စတုတ္ထအချက်အနေဖြင့် လုပ်ငန်းလိုင်စင်နှင့် အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များကို လွယ်ကူမြန်ဆန်စေရန် ဝန်ဆောင်မှုအားလုံး တစ်နေရာတည်းတွင် ရရှိနိုင်သည့်(One –Stop Service) စနစ်ကို အကောင်အထည်ဖော်ပေးမည်ဖြစ်ပါသည်။ ထိုစနစ်ကြောင့် လုပ်ငန်းရှင်များအနေဖြင့် လိုင်စင်ရယူခြင်းနှင့် ဥပဒေဆိုင်ရာ လိုအပ်ချက်များကို တစ်နေရာတည်းတွင် မြန်ဆန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အချိန်နှင့် ကုန်ကျစရိတ်များကိုလည်း လျှော့ချနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် အဂတိများကိုလည်း လျှော့ချနိုင်ပြီး စီးပွားရေးပတ်ဝန်းကျင်ကို ပိုမိုသန့်ရှင်းတည်ငြိမ်စေမည် ဖြစ်ပါသည်။

နောက်ဆုံးအချက်အနေဖြင့် ဒေသတွင်းအရင်းအမြစ်များကို အခြေခံ၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ဖန်တီးနိုင်မှုကို မြှင့်တင်ပေးမည်ဖြစ်ပါသည်။ ဒေသထွက်ကုန်များကို ကုန်ကြမ်းအဖြစ်သာ ရောင်းချခြင်းမှ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ခြင်းသည် ဝင်ငွေကိုတိုးတက်စေပြီး ဒေသစီးပွားရေးကိုလည်း တက်ကြွအားကောင်းလာစေမည်ဖြစ်ပါသည်။ ထွက်ကုန်များကို ကုန်ချောများအဖြစ် ပြောင်းလဲခြင်းဖြင့် ပြည်သူများ၏ တစ်ဦးချင်းဝင်ငွေကို တိုးမြှင့်ပေးနိုင်မည်ဖြစ်ပါသည်။

MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများအတွက် ဝန်ကြီးဌာနအဆင့်သို့ တိုးမြှင့်လိုက်ခြင်းက နိုင်ငံတော်၏ စီးပွားရေးကို ရှင်သန်အားကောင်းစေမည့် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်ပြီး ပြည်သူများအနေဖြင့်လည်း ရရှိလာသည့် အခွင့်အလမ်းများကို အသုံးချကာ လူမှုဘဝအဆင့်အတန်းကို မြှင့်တင်နိုင်မည်ဖြစ်သလို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း တက်ကြွစွာ ပါဝင်နိုင်ကြမည်ဖြစ်ပါသည်။ "ခိုင်မာသော MSME ကဏ္ဍသည် တောင့်တင်းသော နိုင်ငံတော်စီးပွားရေး၏ အုတ်မြစ်ဖြစ်ပါသည်။"

**၁။ အလုပ်အကိုင် အခွင့်အလမ်းသစ်များ ပေါ်များလာခြင်း**

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အခြေခံကာ ထောက်ပံ့ပေးနေသော အင်အားအကြီးမားဆုံးကဏ္ဍတစ်ခုမှာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများပင် ဖြစ်ပါသည်။ MSME ကဏ္ဍသည် စီးပွားရေးလုပ်ငန်းကြီးများနှင့်မတူဘဲ လူထုအတွင်းသို့ နက်ရှိုင်းစွာ ပျံ့နှံ့တည်ရှိနေပြီး လူတန်းစားအမျိုးမျိုး၏ဘဝ အသက်မွေးဝမ်းကျောင်းနှင့် တိုက်ရိုက်ချိတ်ဆက်နေသောကြောင့် စီးပွားရေး၏ အုတ်မြစ်အဖြစ် သတ်မှတ်နိုင်ပါသည်။ ထိုသို့သော အရေးပါမှုကို အလေးထားကာ MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများအတွက် ဝန်ကြီးဌာနအဆင့်သို့ တိုးမြှင့်ပေးလိုက်ခြင်းသည် နိုင်ငံတစ်ဝန်းရှိ ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ကျယ်ပြန့်စွာ ဖန်တီးပေးနိုင်မည့် အရေးပါသော လှုပ်ရှားမှုတစ်ရပ်ဖြစ်ပါသည်။

ဝန်ကြီးဌာန၏ အဓိကရည်မှန်းချက်တစ်ခုမှာ နိုင်ငံတစ်ဝန်းရှိ လုပ်သားအင်အားစုများအတွက် ရေရှည်တည်တံ့ပြီး ခိုင်မာသောအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် ဖြစ်ပါသည်။ MSME လုပ်ငန်းများက ဒေသအလိုက် တိုးတက်ဖွံ့ဖြိုးနိုင်သည့် လုပ်ငန်းများဖြစ်သောကြောင့် ယင်းတို့၏ ဖွံ့ဖြိုးတိုးတက်မှုသည် ဒေသတွင်းအလုပ်အကိုင်များကို တိုက်ရိုက်ဖန်တီးပေးနိုင်ပြီး ရွှေ့ပြောင်းလုပ်သားပြဿနာကိုလည်း ထိရောက်စွာ လျှော့ချပေးနိုင်မည်ဖြစ်ပါသည်။

ထို့ပြင် MSME ကဏ္ဍ၏ အမျိုးသမီးများနှင့် အိမ်တွင်းမှုလုပ်ငန်းရှင်များကိုလည်း ဝန်ကြီးဌာနက စနစ်တကျပံ့ပိုးပေးနိုင်မည်ဖြစ်၍ အမျိုးသမီးများ၏ စီးပွားရေးပါဝင်မှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည့်အပြင် မိသားစုဝင်ငွေတိုးတက်စေရုံသာမက လူမှုရေးအရလည်း အမျိုးသမီးများ၏ အခန်းကဏ္ဍကို ပိုမိုတိုးတက်စေမည်ဖြစ်ပါသည်။

ဝန်ကြီးဌာနအနေဖြင့် MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများအတွက် လူတစ်စုအတွက်သာမဟုတ်ဘဲ အခြေခံလက်လုပ်လက်စား ပြည်သူများ၊ ကျွမ်းကျင်လုပ်သားများနှင့် ပညာတတ်လူငယ်များ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံးအတွက် အလုပ်အကိုင် ဘေးကင်းလုံခြုံမှုနှင့် ဝင်ငွေတိုးတက်မှုကို အကောင်အထည်ဖော်ပေးမည့် အားကိုးထိုက်သော အဖွဲ့အစည်းတစ်ခု ဖြစ်လာစေမည်ဖြစ်ပါသည်။ MSME ကဏ္ဍ၏ ခိုင်မာတိုးတက်မှုသည် နိုင်ငံတော်စီးပွားရေး၏ အုတ်မြစ်ကို ပိုမိုခိုင်မာစေပြီး အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် တည်ငြိမ်သော အခြေခံကို ဖန်တီးပေးမည်ဖြစ်ပါသည်။

> ❖ **ကုန်ထုတ်လုပ်မှုတွင် လက်မှုအခြေပြုလုပ်ငန်းများမှ စက်မှုအခြေပြုလုပ်ငန်းများသို့ ပြောင်းလဲနိုင်ရန် နည်းပညာသည် အဓိကအခရာဖြစ်ပါသည်။ ထို့ကြောင့် ဝန်ကြီးဌာနအနေဖြင့် စက်မှုခေတ်မီရေးအတွက် လိုအပ်သည့် စက်ကိရိယာအသုံးပြုပုံများကို သရုပ်ပြသင်တန်းများဖြင့် မျှဝေပေးမည်ဖြစ်ပြီး ထုတ်လုပ်မှုစွမ်းအား တိုးတက်လာစေရန်နှင့် အလေအလွင့်များ လျော့နည်းစေရန် အထောက်အကူပြုမည်**
>
> ❖ **ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု (Digital Transformation) ကိုလည်း အားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းစီမံခန့်ခွဲမှုဆိုင်ရာ Software များအသုံးပြုခြင်း၊ အွန်လိုင်းမှတစ်ဆင့် ငွေပေးချေမှုနှင့် အရောင်းအဝယ် (E-commerce) စနစ်များကို ကျွမ်းကျင်စွာ အသုံးချနိုင်ရန် လေ့ကျင့်ပေးသွားမည်**

**၂။ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုအကူအညီများ ပိုမိုရရှိခြင်း**

ဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းရှင်များ ကြုံတွေ့နေရသော "ခေတ်နောက်ကျနေသည့် နည်းပညာ" နှင့် "အရင်းအနှီးခက်ခဲမှု" ကို ထိရောက်စွာ ဖြေရှင်းပေးမည်ဖြစ်ပြီး ယင်းအခြေအနေသည် MSME ကဏ္ဍကို သာမန်ရှင်သန်တည်တံ့နေသည့်အဆင့်မှ တိုးတက်ဖွံ့ဖြိုးမှု အရှိန်မြင့်သည့်အဆင့်သို့ ရောက်ရှိစေရန် အဓိကမောင်းနှင်ပေးမည် ဖြစ်ပါသည်။

ကုန်ထုတ်လုပ်မှုတွင် လက်မှုအခြေပြုလုပ်ငန်းများမှ စက်မှုအခြေပြုလုပ်ငန်းများသို့ ပြောင်းလဲနိုင်ရန် နည်းပညာသည် အဓိကအခရာ ဖြစ်ပါသည်။ ထို့ကြောင့် ဝန်ကြီးဌာနအနေဖြင့် စက်မှုခေတ်မီရေးအတွက် လိုအပ်သည့်စက်ကိရိယာအသုံးပြုပုံများကို သရုပ်ပြသင်တန်းများဖြင့် မျှဝေပေးမည်ဖြစ်ပြီး ထုတ်လုပ်မှုစွမ်းအား တိုးတက်လာစေရန်နှင့် အလေအလွင့်များ လျော့နည်းစေရန် အထောက်အကူပြုမည်ဖြစ်ပါသည်။ ထို့အပြင် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု (Digital Transformation) ကိုလည်း အားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းစီမံခန့်ခွဲမှုဆိုင်ရာ Software များ အသုံးပြုခြင်း၊ အွန်လိုင်းမှတစ်ဆင့် ငွေပေးချေမှုနှင့် အရောင်းအဝယ် (E-commerce) စနစ်များကို ကျွမ်းကျင်စွာ အသုံးချနိုင်ရန် လေ့ကျင့်ပေးသွားမည် ဖြစ်ပါသည်။

ထို့ပြင် သုတေသနနှင့် ဖွံ့ဖြိုးရေး(R&D) လုပ်ငန်းများမှတစ်ဆင့် ပြည်တွင်းထွက် ကုန်ကြမ်းများကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲနိုင်မည့် နည်းပညာအသစ်များကိုလည်း မျှဝေပေးမည်ဖြစ်ပါသည်။ ဤသို့သော နည်းပညာကူးပြောင်းမှုများသည် MSME လုပ်ငန်းများကို ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားလာစေရန်သာမက နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်နိုင်မည့် အခြေခံခိုင်မာမှုကိုလည်း ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။

နည်းပညာနှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် ငွေကြေးဆိုင်ရာ ပံ့ပိုးမှုများသည်လည်း MSME ဖွံ့ဖြိုးရေးအတွက် မဖြစ်မနေလိုအပ်သော အချက်တစ်ရပ်ဖြစ်ပြီး လုပ်ငန်းတစ်ခုစတင်ရန် သို့မဟုတ် တိုးချဲ့ရန်အတွက် လိုအပ်သော ငွေကြေးအရင်းအနှီးကို ရရှိရန်နှင့် အခက်အခဲများကို ဖြေရှင်းပေးရန် ဝန်ကြီးဌာနက ပေါင်းကူးတံတားအဖြစ် ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

ထို့အပြင် ရင်းနှီးမြှုပ်နှံသူများနှင့် MSME လုပ်ငန်းရှင်များကို တိုက်ရိုက်ချိတ်ဆက်ပေးသည့် ဖိုရမ်များ၊ ဆွေးနွေးပွဲများကို စီစဉ်ပေးခြင်းဖြင့် ပြည်တွင်း၊ ပြည်ပမှ အရင်းအနှီးစီးဆင်းမှုကို ပိုမိုကောင်းမွန်စေမည်ဖြစ်ပါသည်။ ယင်းသည် MSME လုပ်ငန်းများအတွက် တိုးတက်ချဲ့ထွင်နိုင်သည့် အခွင့်အလမ်းများကို ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။ ဝန်ကြီးဌာနသည် "ငွေကြေး" ဟူသော အင်ဂျင်နှင့် "နည်းပညာ" ဟူသော လောင်စာတို့ကို တစ်ပြိုင်နက်တည်း ပံ့ပိုးပေးခြင်းဖြင့် MSME လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် အထောက်အကူပြုမည် ဖြစ်ပါသည်။

**၃။ ဈေးကွက်ချဲ့ထွင်နိုင်မှုနှင့် နိုင်ငံတကာအဆင့်မီ ထုတ်ကုန်များ**

MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများအတွက် အဓိကတာဝန်များထဲမှ တစ်ခုမှာ ပြည်တွင်းထုတ်ကုန်များကို "အရည်အသွေးမြင့်မားစေရန်" နှင့် "ဈေးကွက်ကျယ်ပြန့်စေရန်" ချိတ်ဆက်ပေးခြင်း ဖြစ်ပါသည်။ ယင်းသည် လုပ်ငန်းရှင်များအတွက် ဝင်ငွေတိုးတက်စေခြင်းသာမက နိုင်ငံတော်၏ ပို့ကုန်စွမ်းအားကို မြှင့်တင်ပေးနိုင်မည့် အရေးပါသော အချက်တစ်ရပ် ဖြစ်ပါသည်။

ပထမဦးစွာ ပြည်တွင်းထုတ်ကုန်များကို နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရန်အတွက် အရည်အသွေးနှင့် စံချိန်စံညွှန်းများကို အထူးအာရုံစိုက်ရမည်ဖြစ်ပြီး ယုံကြည်စိတ်ချရသော အရည်အသွေးသည် ပြည်ပဈေးကွက်သို့ဝင်ရောက်နိုင်ရန် အခြေခံအရေးကြီးဆုံးအချက်ဖြစ်သောကြောင့် ဝန်ကြီးဌာနအနေဖြင့် ISO 9001၊ HACCP၊ GMP စသည့် စံချိန်စံညွှန်းများရရှိနိုင်ရန် လုပ်ငန်းရှင်များကို နည်းပညာပိုင်းဆိုင်ရာ လမ်းညွှန်မှုများနှင့် စစ်ဆေးမှုဆိုင်ရာ အထောက်အပံ့များ ပေးအပ်သွားမည်ဖြစ်ပါသည်။ ထို့အပြင် ကမ္ဘာ့ဈေးကွက်တွင် စာမျက်နှာ ၁၁ သို့ ☆

☆ စာမျက်နှာ ၁၀ မှ

ယှဉ်ပြိုင်နိုင်ရန်အတွက် ထုပ်ပိုးမှုဒီဇိုင်းနှင့် တံဆိပ်တပ်ဆင်မှုများကိုလည်း ခေတ်မီစေပြီး ဆွဲဆောင်မှုရှိအောင် အဆင့်မြှင့်တင်ပေးမည်ဖြစ်ပါသည်။

ထုတ်ကုန်များ၏ အရည်အသွေးကောင်းမွန်မှုနှင့်အတူ ဈေးကွက်ချဲ့ထွင်နိုင်မှုသည်လည်း အရေးကြီးပါသည်။ ထုတ်ကုန်ကောင်းတစ်ခု ရှိသော်လည်း ဈေးကွက်မရှိပါက လုပ်ငန်းတည်တံ့နိုင်မည် မဟုတ်ပါ။ ထို့ကြောင့် ဝန်ကြီးဌာနသည် ပြည်တွင်းနှင့် ပြည်ပတွင် ကျင်းပသည့် ကုန်စည်ပြပွဲများနှင့် ကုန်သွယ်မှုပွဲများတွင် MSME လုပ်ငန်းရှင်များ ပါဝင်ခွင့်ရရှိစေရန် စီစဉ်ပေးမည်ဖြစ်ပါသည်။ ယင်းမှတစ်ဆင့် ထုတ်ကုန်များကို နိုင်ငံတကာသို့ မိတ်ဆက်နိုင်ပြီး အမှာစာများ ရရှိစေနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် ပြည်ပမှ ဝယ်ယူလိုသူများနှင့် ပြည်တွင်းထုတ်လုပ်သူများကို တိုက်ရိုက်ချိတ်ဆက်ပေးသည့် B2B Matching စနစ်များကိုလည်း ဖော်ဆောင်ပေးမည် ဖြစ်ပါသည်။

ယနေ့ခေတ်တွင် ဈေးကွက်၏ အနာဂတ်မှာ ဒစ်ဂျစ်တယ်ပလက်ဖောင်းများပေါ်တွင် တည်ရှိနေပါသည်။ ထို့ကြောင့် MSME ဝန်ကြီးဌာနသည် အွန်လိုင်းဈေးကွက် (E-commerce) ကို အားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး MSME လုပ်ငန်းများအတွက် သီးသန့် E-marketplace များ ဖန်တီးပေးခြင်း သို့မဟုတ် ကမ္ဘာ့အဆင့်မီ ပလက်ဖောင်းများနှင့် ချိတ်ဆက်ရောင်းချနိုင်ရန်ကိုလည်း နည်းပညာပိုင်းဆိုင်ရာ ကူညီပေးမည်ဖြစ်ပါသည်။ ထို့အပြင် ကုန်ပစ္စည်းများကို ပြည်ပသို့ တင်ပို့ရာတွင် ကြုံတွေ့ရသည့် ထောက်ပံ့ပို့ဆောင်ရေးနှင့် အကောက်ခွန်ဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်း ပိုမိုလွယ်ကူချောမွေ့စေရန် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းညှိနှိုင်းပေးမည်ဖြစ်ပါသည်။

မြန်မာ့ထုတ်ကုန်သည် စိတ်ချရသည်ဟူသော နိုင်ငံတော်အဆင့်ဂုဏ်သတင်း (Country Brand) တည်ဆောက်နိုင်ရန် ဝန်ကြီးဌာနက အထူးအာရုံစိုက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင် လုပ်ငန်းရှင်များ၏ ထုတ်ကုန်ဒီဇိုင်းများနှင့် နည်းပညာဆိုင်ရာ တီထွင်ဖန်တီးမှုများကို မူပိုင်ခွင့်လျှောက်ထားရာတွင် လမ်းညွှန်ကူညီပေးခြင်းဖြင့် ၎င်းတို့၏ အကျိုးစီးပွားကို ကာကွယ်ပေးနိုင်မည် ဖြစ်ပါသည်။

**၄။ လုပ်ငန်းလိုင်စင်နှင့် အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များ လွယ်ကူမြန်ဆန်ခြင်း**

လုပ်ငန်းသစ်တစ်ခု စတင်ရန် သို့မဟုတ်တရားဝင်လုပ်ငန်းအဖြစ် ရပ်တည်နိုင်ရေးအတွက် ကြိုးပမ်းရာတွင် လုပ်ငန်းရှင်များအတွက် အရေးပါဆုံးဖြစ်သည့် "တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်စင်တာ (One-Stop Service Center)" စနစ်ကို အကောင်အထည်ဖော်မည်ဖြစ်ပါသည်။ ဝန်ဆောင်မှုစင်တာတစ်ခုတည်းတွင် လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အခွန်ဆိုင်ရာကိစ္စများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ခွင့်ပြုချက်များနှင့် စည်ပင်သာယာရေးဆိုင်ရာ လိုင်စင်များကို တစ်ပြိုင်နက်တည်း လျှောက်ထားနိုင်မည်ဖြစ်ပါသည်။ ယင်းသည် အချိန်နှင့် အားစိုက်ထုတ်မှုများကို သိသိသာသာ လျှော့ချပေးနိုင်ပြီး လုပ်ငန်းရှင်များအတွက် အဆင်ပြေချောမွေ့မှုကို တိုးမြှင့်ပေးနိုင်မည် ဖြစ်ပါသည်။

ထို့အပြင် ခေတ်မီနည်းပညာကို အသုံးချကာ ဒစ်ဂျစ်တယ်အုပ်ချုပ်မှုစနစ်ဖြစ်သည့် "အွန်လိုင်းမှ လိုင်စင်လျှောက်ထားသည့်စနစ် (Online Licensing System)"ကို အသုံးပြုခြင်းဖြင့် လုပ်ငန်းရှင်များအနေဖြင့် ရုံးသို့ ကိုယ်တိုင်လာရောက်ရန်မလိုဘဲ အင်တာနက်မှတစ်ဆင့် လိုအပ်သော စာရွက်စာတမ်းများကို တင်ပြလျှောက်ထားနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် လျှောက်လွှာတင်ထားသော အခြေအနေကို အွန်လိုင်းမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်နိုင်မည်ဖြစ်ပြီး မည်သည့်ဌာနတွင် စစ်ဆေးနေသည်ကို ပွင့်လင်းမြင်သာစွာ သိရှိနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် လျှောက်လွှာများကို စီမံဆောင်ရွက်ရန် အချိန်ကန့်သတ်ချက်များ (SOP) ကို တိကျစွာ သတ်မှတ်ထားခြင်းကြောင့် မလိုလားအပ်သော ကြန့်ကြာမှုများကိုလည်း ထိရောက်စွာ လျှော့ချနိုင်မည် ဖြစ်ပါသည်။

တစ်ဖက်တွင်လည်း MSME လုပ်ငန်းရှင်များ၏ အရွယ်အစားနှင့် မကိုက်ညီသော စည်းမျဉ်းစည်းကမ်းများကို ပြန်လည်သုံးသပ်၍ ဖြေလျှော့ပေးသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ လုပ်ငန်းစတင်ချိန်တွင် လိုအပ်သော ကနဦးအရင်းအနှီး သတ်မှတ်ချက်များ၊ အာမခံပစ္စည်းလိုအပ်ချက်များနှင့် စာရွက်စာတမ်းများကို လျှော့ချပေးခြင်းအားဖြင့် အသေးစားလုပ်ငန်းရှင်များအတွက် တရားဝင်လမ်းကြောင်းပေါ်သို့ ဝင်ရောက်ရန် ပိုမိုလွယ်ကူလာမည် ဖြစ်ပါသည်။

ထို့ပြင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုကို မြှင့်တင်ခြင်းအနေဖြင့်လည်း တိုက်ရိုက်ထိတွေ့ရမှုကို လျှော့ချပြီး စနစ်တကျလုပ်ဆောင်နိုင်သော ဒစ်ဂျစ်တယ်စနစ်များကို အသုံးပြုခြင်းအားဖြင့် အဂတိများကို ထိရောက်စွာ တားဆီးနိုင်မည်ဖြစ်ပါသည်။ လုပ်ငန်းရှင်များအနေဖြင့် သတ်မှတ်ထားသော အခကြေးငွေများကိုသာ တရားဝင် ပေးသွင်းရမည်ဖြစ်ကာ မလိုလားအပ်သော အပိုကုန်ကျစရိတ်များ လျော့နည်းလာခြင်းကြောင့် လုပ်ငန်းလည်ပတ်မှုစရိတ်ကိုလည်း လျှော့ချပေးနိုင်မည်ဖြစ်ပါသည်။ မြန်ဆန်ချောမွေ့သော ဝန်ဆောင်မှုများနှင့် ပွင့်လင်းမြင်သာသော စနစ်များမှတစ်ဆင့် နိုင်ငံတော်၏ စီးပွားရေးလည်ပတ်မှုကို အရှိန်အဟုန်မြှင့်တင်ပေးနိုင်မည်ဖြစ်ပါသည်။

**၅။ ဒေသတွင်း စီးပွားရေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ (Value-Added Products)**

MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဓိကမဟာဗျူဟာများအနက်မှ တစ်ခုမှာ ဒေသတစ်ခုချင်းစီ၏ သယံဇာတအရင်းအမြစ်များကို အခြေခံ၍ "တန်ဖိုးမြှင့်ထုတ်ကုန်များ" ထုတ်လုပ်နိုင်စေရန် တွန်းအားပေးခြင်း ဖြစ်ပါသည်။ ဤမဟာဗျူဟာသည် ကုန်ကြမ်းတင်ပို့သည့်အဆင့်မှ တန်ဖိုးမြင့်ကုန်ချောထုတ်လုပ်နိုင်သည့်အဆင့်သို့ တိုးတက်ပြောင်းလဲနိုင်ရန် အရေးပါသော အခြေခံတစ်ရပ်ဖြစ်ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း အဓိကကျသော လမ်းညွှန်တစ်ခုဖြစ်လာပါသည်။

ယခင်က ဒေသအသီးသီးမှ ထွက်ရှိသော စိုက်ပျိုးရေးနှင့် သယံဇာတထွက်ကုန်များကို ကုန်ကြမ်းအတိုင်း ဈေးနှုန်းနိမ့်စွာဖြင့် ရောင်းချခဲ့ရခြင်းများ ဖြစ်ပေါ်ခဲ့ပါသည်။ ယခုအခါ ဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုများဖြင့် အဆိုပါကုန်ကြမ်းများကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲနိုင်ရန် နည်းပညာနှင့် စက်ကိရိယာများ ရရှိလာမည်ဖြစ်ပါသည်။ ဥပမာအားဖြင့် မြေပဲကို အရည်အသွေးမြင့် မြေပဲဆီ သို့မဟုတ် အဆာပြေစားသောက်ကုန်များအဖြစ် ထုတ်လုပ်နိုင်ခြင်း၊ သစ်သီးဝလံများကို လတ်ဆတ်သည့်အချိန်တွင် ဈေးနှိမ်ခံရခြင်းမှ ရှောင်ရှားနိုင်ရန် အခြောက်ခံနည်းပညာများဖြင့်ယို၊ ဖျော်ရည်များအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ခြင်းတို့သည် တန်ဖိုးမြှင့်ထုတ်လုပ်မှု၏ ထင်ရှားသော ဥပမာများ ဖြစ်ပါသည်။

ထို့အပြင် "ဒေသတစ်ခု ထုတ်ကုန်တစ်ခု" (One Region One Product – OROP) မူဝါဒကို အကောင်အထည်ဖော်ခြင်းအားဖြင့် ဒေသအလိုက် ထူးခြားသော ထုတ်ကုန်များကို ဖော်ထုတ်၍ ကုန်အမှတ်တံဆိပ် ဖော်ဆောင်ခြင်း(Branding) ပြုလုပ်ပေးမည်ဖြစ်ပါသည်။ ယင်းသည် ဒေသတွင်း အသေးစားလုပ်ငန်းရှင်များကို စုစည်း၍ စုပေါင်းစွမ်းအားဖြင့် လုပ်ကိုင်နိုင်စေပြီး ဒေသစီးပွားရေးကို ကိုယ်ပိုင်အင်အားဖြင့် ရပ်တည်နိုင်စေရန် အထောက်အကူပြုမည်ဖြစ်ပါသည်။ ဒေသတစ်ခုချင်းစီ၏ ထူးခြားချက်ကို အခြေခံ၍ ထုတ်လုပ်သည့် ကုန်ပစ္စည်းများသည် အမှတ်တံဆိပ်တန်ဖိုးကို မြင့်မားလာစေပြီး ပြည်တွင်းနှင့် ပြည်ပဈေးကွက်များတွင်လည်း ပိုမိုအသိအမှတ်ပြုခံရနိုင်မည် ဖြစ်ပါသည်။

တန်ဖိုးမြှင့်တင်မှုသည် ထုတ်လုပ်မှုအဆင့်တွင်သာမဟုတ်ဘဲ ထောက်ပံ့ရေးကွင်းဆက်တစ်လျှောက်လုံးတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။ သိုလှောင်မှုအဆင့်တွင် အအေးခန်းစနစ်များကို အသုံးပြုခြင်းအားဖြင့် ရာသီပေါ်သီးနှံများ ပုပ်သိုးဆုံးရှုံးမှုကို လျှော့ချနိုင်ပြီး ဈေးကောင်းရရှိသည့်အချိန်အထိ ထိန်းသိမ်းထားနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ထုပ်ပိုးမှုနည်းပညာများကို အဆင့်မြှင့်တင်ခြင်းအားဖြင့် ထုတ်ကုန်၏ အရည်အသွေးနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းကို အဆပေါင်းများစွာ မြှင့်တင်ပေးနိုင်မည်ဖြစ်ပါသည်။

ဤသို့သော တန်ဖိုးမြှင့်ထုတ်လုပ်မှုများမှ ရရှိလာမည့် အကျိုးကျေးဇူးများသည် ဒေသတွင်းစီးပွားရေးနှင့် ပြည်သူလူထု၏ လူနေမှုဘဝကို တိုက်ရိုက်သက်ရောက်စေမည် ဖြစ်ပါသည်။ ကုန်ကြမ်းထက် ကုန်ချောထုတ်ကုန်များသည် ဈေးနှုန်းမြင့်မားစွာရရှိနိုင်သဖြင့် လုပ်ငန်းရှင်များနှင့် တောင်သူများ၏ ဝင်ငွေတိုးတက်လာမည်ဖြစ်သည်။ ထို့အပြင် ထုတ်လုပ်မှုလုပ်ငန်းစဉ်မှ ထွက်ရှိလာသော ဘေးထွက်ပစ္စည်းများကိုလည်း ထပ်မံအသုံးချ၍ ဝင်ငွေရှာနိုင်သည့် လမ်းကြောင်းအသစ်များကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် ကောက်ရိုးမှ စက္ကူထုတ်လုပ်ခြင်း၊ အပင်အခွံများမှ မြေသြဇာထုတ်လုပ်ခြင်းတို့သည် စွန့်ပစ်ပစ္စည်းများကို တန်ဖိုးရှိသည့် အရင်းအမြစ်များအဖြစ် ပြန်လည်အသုံးချနိုင်သည့် နည်းလမ်းများဖြစ်ပါသည်။

"ဒေသသယံဇာတကို အရင်းပြု၍ နည်းပညာဖြင့် တန်ဖိုးမြှင့်တင်ခြင်း" ဆိုသည့် မဟာဗျူဟာဖြင့် ကျေးလက်နှင့် ဒေသအသီးသီးရှိ ပြည်သူများ၏ လူမှုစီးပွားဘဝကို ရေရှည်တည်တံ့ခိုင်မြဲစေရန် အထောက်အကူပြုမည် ဖြစ်သကဲ့သို့ ဒေသအသီးသီးရှိ စီးပွားရေးများကို စွမ်းအားရှိသော အင်အားစုများအဖြစ် ပြောင်းလဲစေပြီး နိုင်ငံတော်၏ စီးပွားရေးတည်ငြိမ်မှုကို ပိုမိုခိုင်မာစေမည့် အရေးပါသော ခြေလှမ်းတစ်ရပ် ဖြစ်လာမည်ဖြစ်ပါသည်။

**အစိုးရသစ်၏ လမ်းညွှန်ချက်များနှင့် MSME ကဏ္ဍသစ်**

နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှာကြားချက်များအရ MSME ကဏ္ဍသည် နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုစနစ်တွင် အခြေခံအုတ်မြစ်အဖြစ် အရေးပါသည့်အပြင် အချိန်တိုအတွင်း အကျိုးဖြစ်ထွန်းစေမည့် "Quick Win"မဟာဗျူဟာများ၏ အဓိကမောင်းနှင်အားတစ်ရပ်လည်း ဖြစ်ပါသည်။ အဆိုပါ လမ်းညွှန်ချက်များသည် MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ တာဝန်ယူဆောင်ရွက်ရသော ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် တိုက်ရိုက်ချိတ်ဆက်နေပြီး ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြှင့်တင်ပေးနိုင်မည့် အရေးပါသောလမ်းကြောင်းတစ်ခုကို ဖော်ဆောင်ပေးလျက်ရှိပါသည်။

ပထမဦးစွာ MSME လုပ်ငန်းများ အောင်မြင်စေရန်အတွက် ပြည်ပမှ ကုန်ကြမ်းများအပေါ် အလွန်အကျွံ မှီခိုနေခြင်းကို လျှော့ချပြီး မိမိတို့ဒေသမှ ထွက်ရှိသည့် သယံဇာတများ၊ ဒေသထွက်ကုန်ကြမ်းများကို အသုံးချခြင်းဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် လမ်းညွှန်ထားပါသည်။ အထူးသဖြင့် ဝါလုပ်ငန်းကို အခြေခံ၍ ဝါမှ ဝါဂွမ်း၊ ချည်မျှင်နှင့် အထည်အလိပ်အထိ ဆက်လက်တိုးချဲ့နိုင်သည့် ကွင်းဆက်ကုန်ထုတ်လုပ်မှုစနစ်ကို ဖော်ဆောင်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် သားရေ၊ ရော်ဘာ၊ သရက်၊ ဒူးရင်း၊ ငရုတ်ကောင်းကဲ့သို့သော ဒေသထွက်သီးနှံများကို အဆင့်မြင့်ကုန်ချောထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်ခြင်းသည် ဒေသစီးပွားရေးကို တိုးတက်စေမည့် အရေးပါသော အခန်းကဏ္ဍတစ်ခု ဖြစ်လာပါသည်။

ထို့အပြင် MSME လုပ်ငန်းများ ရေရှည်တည်တံ့ဖွံ့ဖြိုးနိုင်ရန်အတွက် ငွေကြေးပံ့ပိုးမှုနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ဖြေလျှော့မှုများကိုလည်း တစ်ပြိုင်နက်တည်း ဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်းရှင်များအနေဖြင့် လိုအပ်သော ရင်းနှီးမတည်ငွေများကို နိုင်ငံတော်က ပံ့ပိုးပေးခြင်းဖြင့် လုပ်ငန်းများကို စတင်ခြင်းနှင့် တိုးချဲ့ခြင်းတို့ကို လွယ်ကူစေမည်ဖြစ်ပါသည်။ ထို့ပြင် လုပ်ငန်းလိုင်စင်နှင့် အုပ်ချုပ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်း ဖြေလျှော့ပေးခြင်းဖြင့် MSME လုပ်ငန်းရှင်များအတွက် စီးပွားရေးလုပ်ငန်းများကို တရားဝင်လမ်းကြောင်းတွင် လုပ်ကိုင်နိုင်ရန် အဆင်ပြေစေမည်ဖြစ်ပါသည်။

လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် MSME ကဏ္ဍအတွက် မဖြစ်မနေလိုအပ်သော အခြေခံတစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့် အခြေခံပညာအလယ်တန်းအဆင့်မှစတင်၍ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ အခြေခံဘာသာရပ်များကို သင်ကြားပေးခြင်းဖြင့် လက်တွေ့အသုံးချနိုင်သော ကျွမ်းကျင်မှုများကို ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် သိပ္ပံကျောင်းများကို တက္ကသိုလ်နှင့် ကောလိပ်အဆင့်သို့ မြှင့်တင်ခြင်းနှင့် Polytechnic ကျောင်းများကို တိုးချဲ့ဖွင့်လှစ်ခြင်းတို့ဖြင့် နည်းပညာကျွမ်းကျင်သော လူသားအရင်းအမြစ်များကို စနစ်တကျပြုစုပျိုးထောင်ပေးလျက်ရှိပါသည်။

နည်းပညာနှင့် သွင်းအားစုများ ပံ့ပိုးပေးခြင်းသည်လည်း MSME ဖွံ့ဖြိုးရေးအတွက် အရေးပါသော အချက်တစ်ရပ်ဖြစ်ပါသည်။ အထူးသဖြင့် နေရောင်ခြည်စွမ်းအင် (Solar) ကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် စိုက်ပျိုးရေးအတွက် ရေတင်လုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းသည် ကုန်ထုတ်လုပ်မှု ကုန်ကျစရိတ်များကို လျှော့ချပေးနိုင်ပြီး လုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ပေးမည်ဖြစ်ပါသည်။

ထို့အပြင် MSME လုပ်ငန်းများကို တစ်ဦးချင်းသော်လည်းကောင်း၊ သမဝါယမစနစ်ဖြင့်သော်လည်းကောင်း ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများကို ဖန်တီးပေးခြင်းဖြင့် ဒေသတွင်း ထုတ်လုပ်မှုကို တိုးတက်စေမည်ဖြစ်ပါသည်။ ဒေသအလိုက် အသား၊ ငါးနှင့် စားသောက်ကုန်များကို လုံလောက်စွာ ထုတ်လုပ်နိုင်ခြင်းကြောင့် ဝယ်လိုအားနှင့် ရောင်းလိုအားကို မျှတစေပြီး ကုန်ဈေးနှုန်း ကြီးမြင့်မှုကို လျှော့ချနိုင်မည်ဖြစ်ပါသည်။ ယင်းသည် ပြည်သူများ၏ နေထိုင်မှုစရိတ်ကို သက်သာစေပြီး လူမှုစီးပွားဘဝကို တိုးတက်စေမည့် အရေးပါသော အကျိုးကျေးဇူးတစ်ရပ် ဖြစ်ပါသည်။

နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်များနှင့်အညီ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအနေဖြင့် MSME များ၏ ထုတ်လုပ်မှုစွမ်းရည်နှင့် ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားလာစေရန်အတွက် ဒေသတွင်းကုန်ကြမ်းများကို အခြေခံကာ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ နည်းပညာနှင့် ရင်းနှီးမတည်ငွေများ လွယ်ကူစွာ ရရှိနိုင်ရေး၊ လိုအပ်သော သွင်းအားစုများနှင့် အရည်အသွေးပြည့်ဝသော လူသားအရင်းအမြစ်များ စနစ်တကျထောက်ပံ့ပေးခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်ပေးလျက်ရှိပါသည်။ အဆိုပါအစီအစဉ်များသည် လွန်ခဲ့သောကာလများက နိုင်ငံတော်သမ္မတကြီး၏ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ မြို့ကြီးများ၌ ပြည်သူများနှင့် တွေ့ဆုံခဲ့သော တွေ့ဆုံပွဲ (၄၁) ကြိမ်၏ လမ်းညွှန်မှုများမှရရှိလာခြင်းဖြစ်ကာ လက်တွေ့အကျိုးရလဒ်များ ပေါ်ထွက်လာခြင်းဖြစ်ပြီး MSME ကဏ္ဍမှတစ်ဆင့် နိုင်ငံတော်စီးပွားရေးကို တည်ငြိမ်ခိုင်မာစေရန် အထောက်အကူပြုမည်ဖြစ်ပါသည်။ ။

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၂၅)နှစ်အောက်အမျိုးသားဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ



မကွေး မေ ၁၁

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် (၂၅) နှစ်အောက် အမျိုးသား ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက တိုင်းဒေသကြီး မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုနှင့် ဧည့်သည်ပရိသတ်များသည် ဗိုလ်လုပွဲစဉ်အဖြစ် မကွေးခရိုင်အသင်းနှင့် ပခုက္ကူခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးပြီး ပြိုင်ပွဲတွင် ဆုရရှိသူများအား တစ်ဦးချင်းဆွဲပြား၊ ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

# ပေါက်ခေါင်းမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးဆောင်ရွက်

ပေါက်ခေါင်း မေ ၁၁

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာတွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက နေအိမ်များအတွင်းရှိ ရေတွင်း၊ ရေကန်များကို ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ဖုန်းကျော်ဇင်(ပြန်/ဆက်)





# သီပေါမြို့နယ်၌ ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု ကွင်းဆင်းဆောင်ရွက်

ကျောက်မဲ မေ ၁၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ကျင်သီကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ယမန်နေ့ မွန်းလွဲပိုင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်ဦးစီးမှူး ဦးစောမြင့်ထွန်းက ကွင်းဆင်းကြီးကြပ်ခဲ့သည်။ သီပေါမြို့နယ် ကျင်သီကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း(၁/၀) မိုင် လုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ အရေးပေါ်ရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျောက်မဲခရိုင်ဦးစီးမှူး ဒေါ်နန်းဖြူဖြူအောင်နှင့် မြို့နယ်ဦးစီးမှူး ဦးဝင်းဆောင်တို့က လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ ကျင်သီကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးပါက ကျေးရွာထုတ်ကုန်များ မြို့ပေါ်သို့တင်ပို့ရာတွင် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ရှာဖွေကယ်ဆယ်ရေးနည်းစနစ် လေ့ကျင့်ရေး (မွမ်းမံ)သင်တန်းဖွင့်

ပုသိမ် မေ ၁၁

ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးတွင် ရှာဖွေကယ်ဆယ်ရေးနည်းစနစ် လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းကကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ဆွေဝင်းက အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ USAR Light Team စုဖွဲ့ဆောင်ရွက်ရန်၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရန်နှင့် စုဖွဲ့လေ့ကျင့်မှုများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး အခမ်းအနားသို့ သင်တန်းမှူး၊ သင်တန်းနည်းပြဆရာများ၊ သင်တန်းသား ၅၀ နှင့် သန္နှေမီးသတ်တပ်ဖွဲ့ဝင် ၂၀ တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

မင်းထက်သာ



# ဟသ်ာတမြို့နယ်၌ လူရည်ချွန် မောင်/မယ်များအား ကြိုဆိုဂုဏ်ပြု

ဟသ်ာတ မေ ၁၁

ဟသ်ာတမြို့နယ်မှ လူရည်ချွန် မောင်/မယ်များအား ကြိုဆိုဂုဏ်ပြုပွဲကို ယနေ့နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဟသ်ာခန်းမ၌ ကျင်းပသည်။

**ပြန်လည်မျှဝေ**

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဇော်မင်းက အမှာစကားပြောကြားပြီး လူရည်ချွန်မောင်/မယ်များက သွားရောက်လေ့လာခဲ့သည့် ဗဟုသုတများကို ပြန်လည်မျှဝေခဲ့ကြသည်။ ဆက်လက်၍ လူရည်ချွန်မောင်/မယ် ခုနစ်ဦးတို့အား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုဒိုင်းများ၊ ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)




# အောင်လံမြို့၌ အစားအသောက်နှင့်ဆေးဝါးများ ဘေးအန္တရာယ်ကင်းရှင်းရေး ကွင်းဆင်းစစ်ဆေး



အောင်လံ မေ ၁၁

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တွင် တိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အောင်လံခရိုင်နှင့် မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီအဖွဲ့ဝင်များပူးပေါင်း၍ အောင်လံမြို့ စည်ပင်သာယာဈေးတွင် ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့စစ်ဆေးရာတွင်ဆေးဆိုင်များ၊ ဈေးဆိုင်များအား ဈေးကွက်ထောက်လှမ်းစစ်ဆေးခြင်း၊ အစားအသောက်ဈေးကွက် နမူနာကောက်ယူ၍ ခွင့်မပြုဆိုးဆေးနှင့် ဓာတုပစ္စည်းများ ပါဝင်မှု ရှိ/မရှိကို ရွေ့လျားဓာတ်ခွဲယာဉ် (Mobile Lab Van) ဖြင့် စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အာကာ(ပြန်/ဆက်)

# သဘာဝဘေးဖြစ်ပေါ်လာပါက အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် အသင့်ထားရှိ

ကြံခင်း မေ ၁၁

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် မီးသတ်ဦးစီးဌာနက သဘာဝဘေးဖြစ်ပေါ်လာပါက အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်မီးသတ်တပ်ဖွဲ့ဝင်များ အသင့်ထားရှိသည်။

ထိုသို့ထားရှိရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုနိုင် ဦးဆောင်ပြီး သန္နေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ မြို့နယ်အဆင့် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၃၅ဦးအားအသင့်စုဖွဲ့ထားရှိကြောင်းသိရသည်။

ဧရာဦးသာ



**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# တရုတ်-ရုရှားဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်လာခြင်းက သမိုင်းဝင်အခွင့်အလမ်းများ ဆောင်ကြဉ်းလာခဲ့ကြောင်း တရုတ်တာဝန်ရှိသူပြောကြား

**ပေကျင်း မေ ၁၁**

တရုတ်-ရုရှား နှစ်နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်လာခြင်းက သမိုင်းဝင် အခွင့်အလမ်းသစ်များကို ဆောင်ကြဉ်းလာခဲ့ပြီး တရုတ်နိုင်ငံအနေဖြင့် နယ်ပယ်ကဏ္ဍများစွာတွင် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် အသင့်ရှိနေကာ တရားမျှတ၍ ကျိုးကြောင်းဆီလျော်မှုရှိသည့် ကမ္ဘာလုံးဆိုင်ရာ စီမံခန့်ခွဲရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂါအိုဂျီကန်က မေ ၁၁ ရက်တွင် ပြောကြားသည်။

မေ ၉ ရက်တွင်ကျင်းပခဲ့သည့် မဟာမျိုးချစ်စစ်ပွဲအောင်နိုင်ခြင်းနေ့ အခမ်းအနားကျင်းပရာ၌ တရုတ်-ရုရှား မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးနှင့်ပတ်သက်၍ ရုရှားနိုင်ငံသမ္မတ ဗလာဒီမာပူတင်၏ ကြေညာချက်နှင့်ပတ်သက်ပြီး ၎င်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုသည် ပဋိပက္ခများကိုတားဆီးရန်နှင့် ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာမြောက် တည်ငြိမ်မှုကို ကာကွယ်ရန်အတွက် အဓိကကျသည့်ထောက်တိုင်တစ်ခုဖြစ်လာကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

ယခုနှစ်သည် တရုတ်-ရုရှား မဟာဗျူဟာမြောက် ပေါင်းစပ်ညှိနှိုင်းရေး မိတ်ဖက်အဖွဲ့အစည်း တည်ထောင်ခြင်းနှစ်(၃၀)ပြည့်မြောက်သည့် အချိန်အခါဖြစ်ပြီး တရုတ်-ရုရှား အိမ်နီးချင်းကောင်းနှင့် ချစ်ကြည်ရင်းနှီးသော ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာစာချုပ် လက်မှတ်ရေးထိုးသည့် (၂၅)ပြည့်နှစ်ဖြစ်ကာ တရုတ်နှင့်ရုရှားနိုင်ငံကြား ပညာသင်ကြားရေးနှစ်များ စတင်သတ်မှတ်သည့်နှစ်လည်းဖြစ်ကြောင်း ဂါအိုဂျီကန်က မှတ်ချက်ပြုခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် အိမ်နီးချင်းကောင်းစိတ်ဓာတ်ကို ကိုင်စွဲကာ ရုရှားနိုင်ငံနှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်ဦးနှစ်ဖက် အကျိုးရှိစေမည့်ရလဒ်များ ရရှိရေး ဆောင်ရွက်မည်ဟု ၎င်းကပြောကြားသည်။

ပြီးခဲ့သည့်နှစ်များအတွင်းက နှစ်နိုင်ငံခေါင်းဆောင်များ၏ မဟာဗျူဟာမြောက် လမ်းညွှန်မှုအရ နှစ်နိုင်ငံဆက်ဆံရေးကို မြင့်မားသည့်အဆင့်သို့ မြှင့်တင်နိုင်ခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ တည်ငြိမ်မှုရရှိစေရေး ဆောင်ရွက်နိုင်ခဲ့သည်ဟု ၎င်းကပြောကြားသည်။




ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# တရုတ်နိုင်ငံ၌ သူနာပြုလုပ်သားအင်အား တိုးတက်လာ

**ပေကျင်း မေ ၁၁**

တရုတ်နိုင်ငံ၌ ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၅ ခုနှစ်အတွင်း မှတ်ပုံတင်ထားသော သူနာပြုဦးရေ ၂၉ ရာခိုင်နှုန်း တိုးတက်လာကြောင်းနှင့် ပြီးခဲ့သည့်နှစ်ကုန်တွင် စုစုပေါင်းသူနာပြုအရေအတွက် ၆ ဒသမ ၀၆ သန်းကျော်ရှိခဲ့ကြောင်း အမျိုးသားကျန်းမာရေးကော်မရှင်က မေ ၁၁ ရက်တွင် ပြောကြားခဲ့သည်။ လူ ၁၀၀၀ လျှင် မှတ်ပုံတင်ထားသောသူနာပြုဦးရေသည် ၂၀၂၀ ပြည့်နှစ်တွင် ၃ ဒသမ ၃၄ ဦးမှ ၂၀၂၅ ခုနှစ်တွင် ၄ ဒသမ ၃၂ ဦးအထိ မြင့်တက်လာခဲ့သည်။

**သူနာပြု ၉၀ ရာခိုင်နှုန်းကျော် တာဝန်ထမ်းဆောင်**

ပြန်လည်ထူထောင်ရေး၊ သက်ကြီးရွယ်အိုစောင့်ရှောက်မှု၊ ကလေးအထူးကု၊ အထူးကြပ်မတ်ကုသရေးနှင့် ကူးစက်ရောဂါစောင့်ရှောက်မှုအပါအဝင် လုပ်ငန်းကဏ္ဍများစွာတွင် အထူးလေ့ကျင့်ထားသည့် သူနာပြု ၉၀ ရာခိုင်နှုန်းကျော် တာဝန်ထမ်းဆောင်နေကြောင်း ၎င်းကော်မရှင်က ပြောကြားသည်။

နိုင်ငံတစ်ဝန်းရှိ ဆေးဘက်ဆိုင်ရာအဖွဲ့အစည်း ၆၀၀၀ နီးပါးသည် မိခင်နှင့် ကလေးစောင့်ရှောက်မှု၊ သက်ကြီးရွယ်အိုစောင့်ရှောက်မှု၊ နာတာရှည်ရောဂါစီမံခန့်ခွဲမှု၊ ပြန်လည်ထူထောင်ရေးဆိုင်ရာလမ်းညွှန်မှုနှင့် နာတာရှည်လူနာစောင့်ရှောက်မှုအပါအဝင် အိမ်တွင်းအခြေပြု သူနာပြုဝန်ဆောင်မှုလုပ်ငန်း ၆၀ ကျော်ကို ဝန်ဆောင်မှုပေးနေကြောင်း ကော်မရှင်က ထပ်လောင်းပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ



# ပဋိပက္ခများနှင့် အရေးယူပိတ်ဆို့မှုများ အမြန်ဆုံး အဆုံးသတ်ရေး အီရန်တောင်းဆို

**တီဟီရန် မေ ၁၁**

အီရန်နိုင်ငံက အမေရိကန်ထံပေးပို့သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲဆိုင်ရာ အကြံပြုချက်မူကြမ်းတွင် နှစ်နိုင်ငံကြား နယ်ပယ်စုံတွင်ဖြစ်နေသည့် ပဋိပက္ခများကို အမြန်ဆုံးအဆုံးသတ်ရေး ဆောင်ရွက်ရန်၊ အီရန်အပေါ်ကျူးကျော်မှုများ ထပ်မံမပြုလုပ်ရေးအတွက် အာမခံချက်ပေးရန်၊ အမေရိကန်၏ ရေကြောင်းဆိုင်ရာပိတ်ဆို့မှုအပါအဝင် ပိတ်ဆို့အရေးယူမှုများကို ဖယ်ရှားပေးရန် တောင်းဆိုခဲ့ကြောင်း တက်စ်မင်သတင်းအေဂျင်စီက မေ ၁၀ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ယင်းအကြံပြုချက်မူကြမ်းတွင် စစ်ပွဲအမြန်ဆုံး အဆုံးသတ်ရန် အီရန်အပေါ် ကျူးကျော်မှုများ ထပ်မံမပြုလုပ်ရေးအပါအဝင် အခြားသဘောတူညီချက်များ ပါဝင်သည်။

ထို့ပြင် အီရန်နိုင်ငံ၏ ရေနံထုတ်လုပ်ရောင်းချခြင်းအပေါ် အမေရိကန်က အရေးယူပိတ်ဆို့ခြင်းကို ရက် ၃၀ ကြာ ဖြေလျှော့ပေးရန်နှင့် အီရန်နိုင်ငံ၏ ပိုင်ဆိုင်မှုများအပေါ် တားမြစ်ပိတ်ပင်ထားခြင်းကို ဖြေလျှော့ပေးရန်တို့ကိုလည်း ယင်းမူကြမ်းတွင်တောင်းဆိုထားသည်။ ယခုနှစ် ဧပြီ ၈ ရက်တွင် အမေရိကန်နှင့် အီရန်ကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိခဲ့သော်လည်း ပါကစ္စတန်နိုင်ငံတွင်ကျင်းပသည့် ဆွေးနွေးပွဲမအောင်မမြင်ဖြစ်ခဲ့ပြီးနောက် အမေရိကန်က ဟော်မုဇ်ရေလက်ကြားကို ပိတ်ဆို့ခဲ့သည်။

အဆိုပါပဋိပက္ခနှင့်ပတ်သက်သည့် အမေရိကန်၏ အဆိုပြုချက်မူကြမ်းအပေါ် အီရန်၏တုံ့ပြန်ချက်ကို ပါကစ္စတန်နိုင်ငံမှတစ်ဆင့် အမေရိကန်ဘက်သို့ တင်ပြခဲ့ရာ ၎င်းတင်ပြချက်ကို လက်မခံကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က လူမှုမီဒီယာ Truth Social တွင် ပြန်ကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# ဂွာမနီနိုင်ငံရှိ အင်တာနက်သုံးစွဲသူ ဆယ်ပုံတစ်ပုံ ဆိုက်ဘာမှုခင်းကျူးလွန်သူများ၏ သားကောင်ဖြစ်လာ

**ဖရန့်ဖတ် မေ ၁၁**

ဂျာမနီနိုင်ငံရှိ အင်တာနက်သုံးစွဲသူ ဆယ်ပုံတစ်ပုံသည် ဆိုက်ဘာမှုခင်းကျူးလွန်သူများ၏ သားကောင်အဖြစ် ရောက်ရှိနေပြီး ၎င်းတို့အနက်မှ သုံးပုံတစ်ပုံသည် ပြီးခဲ့သည့်တစ်နှစ်အတွင်း ငွေကြေးဆုံးရှုံးမှုများရှိခဲ့ကြောင်း လေ့လာမှုတစ်ရပ်အရ သိရသည်။




လေ့လာမှုကို ဂျာမနီနိုင်ငံ ဖက်ဒရယ်သတင်းအချက်အလက် လုံခြုံရေးရုံးနှင့် ရဲတပ်ဖွဲ့ မှုခင်းကာကွယ်ရေးအစီအစဉ်တို့က ဆောင်ရွက်ခြင်းဖြစ်ပြီး လေ့လာခံရသူများ၏ ၁၁ ရာခိုင်နှုန်းသည် အွန်လိုင်းရောင်းဝယ်မှုဆိုင်ရာ လိမ်လည်မှုများကို ကြုံတွေ့ခဲ့သည်။

မှုခင်းများတွင် အွန်လိုင်းဘဏ်လိမ်လည်မှု၊ အွန်လိုင်းဘဏ်အကောင့်များကို တရားမဝင်ရယူသုံးစွဲခြင်းနှင့် အွန်လိုင်းတွင် တရားဝင်အဖွဲ့အစည်းများအဖြစ် ဟန်ဆောင်၍ လိမ်လည်ခြင်းတို့ ပါဝင်သည်။ အဆိုပါမှုခင်းများကြောင့် နိုင်ငံသား ၃၃ ရာခိုင်နှုန်းတွင် ငွေကြေးဆုံးရှုံးမှုများ ရှိခဲ့ပြီး ၎င်းမှုခင်းများကို ကာကွယ်ရန်အတွက် ခိုင်မာသည့်လျှို့ဝှက်နံပါတ်များ သတ်မှတ်ခြင်းနှင့် ဗိုင်းရပ်စ်ကာကွယ်ရေးအစီအမံများကို ဆောင်ရွက်သင့်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

မှုခင်းများကို ကာကွယ်ရန်အတွက် ဒီဂျစ်တယ်လုပ်ငန်း ဆောင်ရွက်သူများအနေဖြင့် ၎င်းတို့၏ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို မြှင့်တင်သင့်ကြောင်း ဂျာမနီနိုင်ငံ ဖက်ဒရယ်သတင်းအချက်အလက်လုံခြုံရေးရုံးအကြီးအကဲ ကလော်ဒီယာ ပလက်နာက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# တောင်းဆိုချက်များကို လိုက်လျောမည်ဆိုပါက ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိရေး ဆောင်ရွက်မည်ဟု လက်ဘနွန်ပြောကြား

**ဘေရွတ် မေ ၁၁**

လက်ဘနွန်၏ တောင်းဆိုချက်များကို လိုက်လျောမည်ဆိုပါက အစ္စရေးနှင့် ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိရေး ဆောင်ရွက်မည်ဟု လက်ဘနွန်ဝန်ကြီးချုပ် နာဝပ်ဆာလန်က မေ ၁၀ ရက်တွင် ပြောကြားသည်။

စစ်ပွဲများရပ်တန့်ရန် လက်ဘနွန်က ဆန္ဒရှိကြောင်း ၎င်းကပြောကြားခဲ့သည်။

အစ္စရေးတပ်ဖွဲ့များ လက်ဘနွန်နယ်စပ်မှ ဆုတ်ခွာရေးကို လက်ဘနွန်က တောင်းဆိုကြောင်းနှင့် လက်ဘနွန်အနေဖြင့် စစ်ဖြစ်မည့်အရေးကို မလိုလားကြောင်း၎င်းကပြောကြားသည်။ လက်ဘနွန်နိုင်ငံသားအများစုမှာ စေ့စပ်ညှိနှိုင်းရေးကိုသာ လိုလားကြောင်း သိရသည်။ လက်ဘနွန်နိုင်ငံရှိ ဗင်ဂျေဗီအီမြို့သည် လက်ရှိအချိန်တွင် ပျက်စီးမှုရှိကာ ဂါဇာဒေသကဲ့သို့ဖြစ်နေပြီး လက်ဘနွန်တောင်ပိုင်းတွင် တင်းမာမှုများမြင့်တက်နေကာ လက်ဘနွန်ကျေးရွာ ၈၆ ရွာသည် အစ္စရေးလက်အောက်သို့ ကျရောက်နေကြောင်း ၎င်းကပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် AA အဖွဲ့နှင့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၃၁ ဦး လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

နေပြည်တော် မေ ၁၁

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် AA အဖွဲ့နှင့် PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင် အမျိုးသား ၃၁ ဦးတို့သည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။



ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသည့် ရခိုင်ပြည်နယ် သံတွဲမြို့နယ်မှ သုံးဦး၊ မြောက်ဦးမြို့နယ်မှ တစ်ဦး၊ မောင်းတောမြို့နယ်မှ တစ်ဦး၊ ရသေ့တောင်မြို့နယ်မှ တစ်ဦး၊ ရောဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှတစ်ဦး စုစုပေါင်း AA အဖွဲ့ဝင် အမျိုးသား ခုနစ်ဦးနှင့် ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်မှ နှစ်ဦး၊ ငပုတောမြို့နယ် ငရုတ်ကောင်းမြို့မှ နှစ်ဦး၊ ကြံခင်းမြို့နယ်မှ တစ်ဦး၊ လေးမျက်နှာမြို့နယ်မှ ၁၂ ဦး၊ အင်္ဂပူမြို့နယ်မှ သုံးဦး၊ရေကြည်မြို့နယ်မှ နှစ်ဦး၊ မော်လမြိုင်ကျွန်းမြို့နယ်မှ တစ်ဦး၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်မှ တစ်ဦး စုစုပေါင်း PDF အဖွဲ့ဝင် အမျိုးသား ၂၄ ဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ရောဝတီ ခန်းမ၌ပြုလုပ်ရာ ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးအေးကျော်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ တိုင်းမှူးဗိုလ်မှူးချုပ် အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေများနှင့် ပက်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA-1 သေနတ် သုံးလက်၊ M-22 သေနတ် နှစ်လက်၊ လက်ပစ်ဗုံး တစ်လုံး၊ ကျည် ၃၃၈ တောင့်နှင့် ကျည်အိမ် ခြောက်ခုတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ် ငါးလက်အတွက် ငွေကျပ်သိန်း ၂၅၀၊ လက်ပစ်ဗုံး တစ်လုံးအတွက် ငွေကျပ် သုံးသိန်းနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအတွက် ငွေကျပ် ၈၃ သိန်း စုစုပေါင်းငွေကျပ် ၃၃၆ သိန်းကို ပေးအပ်ပြီး ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပေးကြသည်။ ဆက်လက်၍ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ အုပ်ထိန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များသည် အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနိုပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ် ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်း သိရှိရပြီး ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာတပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည် -

၁။ ကျွန်တော်တို့ စည်းရုံးရေးမှာ ကျွန်တော့်ကို ဆန်၊ ဆီ၊ ဆား၊ ငရုတ်သီး၊ ကြက်သွန် ထောက်ပံ့မယ်ပေါ့။ ပြီးတော့ ကျွန်တော့်ကို စစ်တိုက်စရာလည်း မလိုဘူးလို့ ပြောပါတယ်။ ဒါကြောင့်မို့ ကျွန်တော် သူတို့ရဲ့ အလိမ်အညာစကားမှာ နားယောင်ပြီး လိုက်သွားခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော့်ရှေ့မှာ သေကျေပျက်စီးနေရတာတွေက နေ့စဉ်နဲ့အမျှ မြင်တွေ့နေရတဲ့အတွက် အပြင်က ကျွန်တော့် မိသားစုရှိတဲ့နေရာကို ကျွန်တော် သတိလည်းရတယ်၊ လွမ်းလည်း လွမ်းတဲ့အတွက် ပြီးတော့ ကျွန်တော် လျှောက်နေတဲ့လမ်းက မှားတယ်ဆိုတာ သိတဲ့အတွက် အချိန်မီ ကျွန်တော် လမ်းမှန်ကို ပြောင်းဖို့အတွက် တပ်မတော်ကလည်း နွေးနွေးထွေးထွေး ကြိုဆိုတယ်ဆိုတာ သိရတော့ အလင်းဝင်လာရခြင်းဖြစ်ပါတယ်။ ကျွန်တော် အခု အလွန်ပျော်နေတယ်၊ ပီတိလည်းဖြစ်ပါတယ်။ ကျွန်တော့်မိသားစုလည်း အခု ကျွန်တော်နဲ့ ထပ်တူ ပျော်ရွှင်နေပါတယ်။ သူတို့ မိသားစုကိုလည်း ပျော်ရွှင်စေချင်ပါတယ်။ အဲဒီအတွက်ကျွန်တော်တို့ လျှောက်တဲ့လမ်းအတိုင်း လျှောက်လာခဲ့ဖို့ ဒီနေရာကနေ ဖိတ်ခေါ်ချင်ပါတယ်။





ညီအစ်ကိုတို့ အားလုံးကို။ အစစအရာရာ ပြည့်စုံပါတယ်။ မိသားစု ညီအစ်ကိုမောင်နှမ အရင်းအချာလို၊ တပ်ဖွဲ့ဝင်တစ်ယောက်လို ကျွန်တော်တို့ကို လိုလေသေးမရှိ အစစအရာရာ စီမံပေးတဲ့ တပ်မတော်သား အားလုံးကို ကျွန်တော် ဒီနေရာကနေ ကျေးဇူးတင်တယ်လို့ ပြောချင်ပါတယ်ခင်ဗျ။ ကျွန်တော် အမေတို့နဲ့ ပြန်တွေ့ရင်၊ မိန်းမနဲ့ ပြန်တွေ့ရင် ငိုမိမှာပါ။ ဒါပေမဲ့ အမေ့ရှေ့မှာ ကျွန်တော် ကတိပေးချင်တာ နောက်နောင် ဒီလိုအမှားမျိုး ဘယ်တော့မှ မမှားတော့ဘူးလို့ အမေ့ကို အကြိမ်ကြိမ် ကတိပေးချင်ပါတယ်ဗျ။

၂။ စစ်မှုထမ်းရမယ်ဆိုပြီးတော့ ကျွန်တော်တို့ကို တစ်အိမ် တစ်ယောက်မလိုက်လို့မရဘူးပေါ့၊ စည်းရုံးပြီးတော့ ခေါ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ သူငယ်ချင်းငါးယောက် ပါသွားပါတယ်။ ကျွန်တော်တို့လည်း စိတ်မပါဘဲ ပါခဲ့ရတာဖြစ်လို့ မပြေလည်မှုတွေပဲ ကြုံတွေ့နေရတယ်။ ဒုက္ခတွေက အများကြီး ရောက်ခဲ့ရတယ်။ အကူအညီမဲ့ခဲ့တယ်။ ထွက်ပေါက်တွေ ရှာလာပြီးတော့ ကျွန်တော်တို့ ထွက်ပြေးလာခဲ့တာပါ။ ကျွန်တော်တို့ စိတ်နဲ့ ကျွန်တော်တို့ ဆုံးဖြတ်ပြီးတော့ အဲဒီလိုမျိုး လာခဲ့တာပါ။ အလင်းဝင်အခမ်းအနားတွေ လုပ်ပေးတယ်။ ဆုကြေးငွေတွေ ပေးတယ်။ ပြီးရင် မိဘရပ်ထံကိုလည်း ပြန်လွှတ်အပ်နှံပေးပါတယ်။ ဝမ်းသာပါတယ်။ ကျေနပ်မှုရှိပါတယ်။ ကျွန်တော် အားလည်း အားရပါတယ်။ ပီတိလည်း ဖြစ်ပါတယ်။ စားတာသောက်တာတွေကလည်း ကောင်းကောင်းမွန်မွန် ကျွေးမွေးပါတယ်။ ကောင်းကောင်းမွန်မွန် စောင့်ရှောက်ပါတယ်။ တောထဲမှာ ကျန်ရှိနေတဲ့ သူငယ်ချင်းတွေကို ကျွန်တော့်လိုပေါ့ အမြင်မှန်ရစေချင်တယ်။ ကျွန်တော်တို့ဆီကို အပါဆွဲခေါ်ချင်တာပေါ့။ **သတင်းစဉ်**

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် မေ ၁၁

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားကပြည်သူ့စကား” အစီအစဉ်မှ **“ပြည်သူ့ကာကွယ်ရေး ခေါင်းစဉ်အောက်က အကြမ်းဖက်များရှိနေသရွေ့ သာသနာ့ဘောင်မှ ရဟန်းသံဃာများ အကြောင်းမဲ့ အသက်ပေးနေရမည်လား”** ခေါင်းစဉ်ဖြင့် မေ ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် မေ ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် **“ကလေးငယ်များရဲ့အနာဂတ်ကို လက်တွေ့ အကောင်အထည်ဖော်ပေးနေသော အစိုးရနှင့် နိုင်ငံရေးခေါင်းစဉ်အောက်မှာ ကလေးငယ်တွေကို အသုံးချနေတဲ့ အစိုးရအမည်ခံ အဖွဲ့အစည်း”** ခေါင်းစဉ်ဖြင့် ဆက်လက် ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါ အစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီ ဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် DPLA ၊ TNLA အဖွဲ့နှင့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၃၀၊ အမျိုးသမီး ၄၂ ဦး စုစုပေါင်း ၇၂ ဦးတို့ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

နေပြည်တော် မေ ၁၁

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက် ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် DPLA အဖွဲ့ဝင် အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၄၀၊ TNLA အဖွဲ့ဝင် အမျိုးသား သုံးဦးနှင့် PDF အဖွဲ့ဝင် အမျိုးသား ၁၁ ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ၇၂ ဦးတို့သည် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့မှ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၃၇ ဦး၊ ကျောက်မဲမြို့မှ အမျိုးသား ခြောက်ဦး၊ အမျိုးသမီး နှစ်ဦး၊ သီပေါမြို့မှ အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး သုံးဦး တို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံပြန်လည် လွှဲပြောင်းအပ်နှံပွဲကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ မြို့ကျက်သရေဆောင် ခန်းမ၌ ပြုလုပ်ရာ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက် လာခဲ့ကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားပြီး ပြည်နယ်ဒုတိယ ရဲတပ်ဖွဲ့မှူးက ဥပဒေအကြောင်း အရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ဝန်ခံကတိလက်မှတ် ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံပေးကြသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများ ကိုယ်စား ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး



ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာတပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆို လက်ခံပြီး လိုအပ်သည့် ကူညီ ထောက်ပံ့မှုများ ပေးအပ်သွားမည် ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်း များအတွက် ဆုကြေးငွေများ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

၁။ ကျွန်တော်ကတော့ ဒီအဖွဲ့ အစည်းထဲကို ၂၀၂၅ သုံးလပိုင်းမှာ မတရား ခေါ်ဆောင်ခံရပြီးတော့ သင်တန်းကွင်းထဲကို ပို့ဆောင်ခံရ ပြီး သင်တန်း သုံးလ တက်ရပါ တယ်။ သင်တန်းကွင်းထဲမှာ တွေ့ကြုံရတဲ့ အခက်အခဲတွေ၊ လူမျိုးရေး ခွဲခြားခံရတာတွေ များလွန်းလို့ ကျွန်တော်တို့ စိတ်နာ ပြီး အစိုးရဘက်ကလည်း အလင်း ဝင်ရောက်သူတွေကို နွေးထွေးစွာ ကြိုဆိုတဲ့ သတင်းကြားရလို့ အမြန်ဆုံး ဥပဒေဘောင်အတွင်း ဝင်လာခဲ့ပါတယ်။ အစား အသောက်ကလည်း တစ်ပတ် နေမှ အသားဟင်း တစ်ခါလောက် စားရပါတယ်။ သင်တန်းပြီးတော့ လည်း ကျွန်တော်တို့ကို တပ်သား အနေနဲ့ သိန္နီမြို့ဘက်ကို ပို့လိုက် တယ်။ အဲဒီကိုရောက်တော့ ကျွန်တော်တို့ ကင်းစောင့်ရတယ်။ ထင်းခွဲရတယ်။ လက်အောက် ငယ်သားအချင်းချင်း အနိုင်ကျင့်ခံရ တယ်။ အဲဒါတွေကို စိတ်နာ ပြီးတော့ တရားဥပဒေဘောင် အတွင်းကို ဝင်ရောက်လာခဲ့ခြင်း ဖြစ်ပါတယ်။ တောထဲမှာ ကျန်တဲ့ သူငယ်ချင်း တွေကိုလည်း အမြန်ဆုံး အမှန်တရားရပြီးတော့ အလင်းဝင်ရောက်နိုင်ဖို့ ကျွန်တော် ဒီကနေ တိုက်တွန်းလိုက်ပါတယ်။

၂။ ၂၀၂၅ ကိုးလပိုင်းမှာ အကြမ်းဖက် အဖွဲ့ထဲကို ရောက်ရှိခဲ့ပါတယ်။ ရောက်ရောက်ချင်း မှာတော့ ကောင်းကောင်းမွန်မွန် နေရပါ တယ်။ နောက်ပိုင်းမှာ ကျတော့ သင်တန်းသွားရင်လည်း အခက် အခဲတွေနဲ့ ကြုံရပါတယ်။ သင်တန်း လည်း ကောင်းကောင်း မတက်ရ ဘူး။ အမြဲတမ်း ရိုက်နှက်ခံနေရပါ တယ်။ ဝင်ဝင်ချင်းလည်း စိတ်ညစ် ရတယ်။ နောင်တတွေလည်းရခဲ့ တယ်။ လုံးဝမနေချင်တော့ဘူး။ သင်တန်း စတက်ချင်းမှာပဲ အမြဲတမ်း ထွက်သွားဖို့ တွေးနေခဲ့ တယ်။ အခုကျတော့လည်း မိဘ အိမ်ပြန်ရတော့ အတော်လေး ပျော်ရပါတယ်။ သင်တန်းပြီးတော့ ဂိတ်တွေစောင့်ရတယ်။ ဂိတ်စောင့် ချိန်မှာလည်း အစောကြီးမရောက် လို့ အမြဲတမ်း ပြဿနာရှာခံရပါ တယ်။ ကောင်းကောင်းမွန်မွန် လည်းမနေရဘူး။ အစားဆင်းရဲ၊ အနေဆင်းရဲ နေခဲ့ရတယ်။ အချိန် ပြည့် ပြေးနေရတယ်။ ညဆိုလည်း ကောင်းကောင်း မအိပ်ခဲ့ရဘူး။ နေ့တိုင်း နေ့တိုင်း ဆဲဆိုခံရပြီး နှိပ်စက်ခံရတယ်။ ပြီးတော့ ဒီကို အလင်းဝင်မယ့်အချိန် ပထမ အခေါက် ထွက်ပြေးတုန်းက သူတို့ ဖမ်းမိခဲ့တယ်။ ရက် ၂၀ လောက် ကျွန်မကို ခြောက်ပေါက်ထဲ ထည့်ထားတယ်။ အစကတော့ ကျွန်မကို သတ်တော့မလို့။ နိုင်ငံတော် အစိုးရကိုလည်း ကျေးဇူးအများကြီး တင်ပါတယ်။ နိုင်ငံတော် အကြီးအကဲတွေရဲ့ စေတနာမေတ္တာကိုလည်း ကျွန်မ တို့ နားလည်ပါပြီ။ ကျွန်မလည်း ကောင်းကောင်းမွန်မွန် နေထိုင် သွားပါမယ်လို့ ဆုံးဖြတ်ထားပါ တယ်။ တောထဲမှာ ကျန်ခဲ့တဲ့ သူငယ်ချင်းတွေကိုလည်း အမြန် ဆုံး အလင်းဝင်ရောက်လာပါလို့ မေတ္တာရပ်ခံပါတယ်။ **သတင်းစဉ်**





# မြစ်ကြီးနားမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြော



မြစ်ကြီးနား မေ ၁၁

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် သစ်တောဦးစီးဌာနက ရက်(၁၀၀) စီမံချက်ဖြင့် မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက နန်းကွေ့ကျေးရွာအုပ်စု နယ်မြေ(၆) မနောမြေပညာရေးစင်တာ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးမျိုးထက်ကျော်က မီးခိုးမြူငွေ့လျှော့ချရေးနှင့်စပ်လျဉ်း၍ အသိပညာပေးဆွေးနွေး ဟောပြောရာ ကျေးရွာအုပ်စုအတွင်းမှ ဒေသခံတောင်သူများ၊ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြောင်း သိရသည်။ ပြည်နယ်(ပြန်/ဆက်)

# ပင်လောင်းမြို့နယ်၌ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေးများ ထိုးနှံပေး

ပင်လောင်း မေ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တွင် ရက်(၁၀၀) စီမံချက်ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေးများကို ကျေးရွာများအရောက် ကွင်းဆင်းထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ထိုးနှံပေးရာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုင်းအေးလှိုင်နှင့်ဝန်ထမ်းများက ရပ်ကွက်နှစ်ရပ်ကွက်နှင့် ကျေးရွာလေးရွာအတွင်းရှိ ကျွဲ၊ နွားများကို လည်ချောင်းကွဲ၊ ပေါင်ပုပ် လက်ပုပ်ကာကွယ်ဆေးနှင့် ဝက်ဝမ်းကျရောဂါကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



**❂ ဘာစီလိုနာမှ**

သွင်းဂိုးတစ်ဂိုးသွင်းယူပေးခဲ့တဲ့ တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ဟာ ယခုဘောလုံးရာသီမှာ ဘာစီလိုနာအသင်းနဲ့အတူ လာလီဂါသွင်းဂိုး ၁၄ ဂိုးအထိရှိလာခဲ့ပြီ ဖြစ်ပါတယ်။ ဘာစီလိုနာအသင်းဟာ ရီးယဲလ်မက်ဒရစ်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ယှဉ်ပြိုင်ကစားဖို့ သုံးပွဲအလိုမှာ စပိန်လာလီဂါဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဘာစီလိုနာအသင်းအနေနဲ့ အခုလို စပိန်လာလီဂါဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဟာ စပိန်လာလီဂါဖလားကို ၂၉ ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့တာလည်းဖြစ်ပါတယ်။ ငွေကြယ်

# PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# မေလ (ဒုတိယ ဆယ်ရက်ပတ်)အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

အနောက်တောင်မုတ်သုံလေသည် မေ ၁၃ ရက်မှ ၁၇ ရက်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ လည်းကောင်း၊ မေ ၁၈ ရက်မှ ၂၂ ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများသို့လည်းကောင်း ဝင်ရောက်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

### မိုးရွာသွန်းနိုင်မှုအခြေအနေ

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

### အမြင့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၁ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၂ ဒီဂရီဖာရင်ဟိုက်မှ ၉၃ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၄ ဒီဂရီဖာရင်ဟိုက်မှ ၁၀၃ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

### အနိမ့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်တွင် ၅၃ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆၂ ဒီဂရီဖာရင်ဟိုက်မှ ၇၁ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၇၂ ဒီဂရီဖာရင်ဟိုက်မှ ၈၁ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

### လေထုစိုထိုင်းဆအခြေအနေ

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(တောင်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၆၁ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအတွင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့် အနောက်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ၇၁ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအတွင်းနှင့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ၈၁ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအတွင်း ရှိနိုင်သည်။

### ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ

ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ၂၈ မီလီမီတာမှ ၃၇ မီလီမီတာအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၃၈ မီလီမီတာမှ ၄၇ မီလီမီတာအတွင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် ၄၈ မီလီမီတာမှ ၅၇ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၅၈ မီလီမီတာမှ ၆၈ မီလီမီတာအတွင်း ရှိနိုင်သည်။

### မြေဆီလွှာအောင်းရေအခြေအနေ

ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် (စိုစွတ်)အခြေအနေနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် (ခြောက်သွေ့)အခြေအနေ ရှိနိုင်သည်။

မိုး/ဇလ

## ဆိပ်ကြီးခနောင်တိုမြို့နယ်၌ ကူးစက်တတ်သောရောဂါများ ကာကွယ်တားဆီးရေး အသိပညာပေးဟောပြော



ဆိပ်ကြီးခနောင်တို မေ ၁၁

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ်၌ မကူးစက်တတ်သော နာတာရှည်ရောဂါများအကြောင်းနှင့် ကူးစက်တတ်သော ရောဂါများ ကာကွယ်တားဆီးရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က သခင်ဘသောင်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ပြုလုပ်သည်။

ဟောပြောပွဲတွင် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သူနာပြုဆရာမကြီး ဒေါ်ခင်ပပလွင်က ရောဂါဖြစ်ပွားပါက ထိရောက်စွာ ကုသရေးနည်းလမ်းများကို ရပ်ကွက်နေပြည်သူများအား အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ ဝေယံ(ပြန်/ဆက်)



## သဘာဝဘေးဖြစ်ပေါ်လာပါက အရေးပေါ်ကူညီ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အသင့်ထားရှိ

ဖျာပုံ မေ ၁၁

ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၏ လမ်းညွှန်ချက်နှင့်အညီ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များအပေါ် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက အလျင်အမြန်တုံ့ပြန် ဆောင်ရွက်နိုင်ရေး၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးဆောင်သော ဖျာပုံခရိုင်နှင့် ဖျာပုံမြို့နယ် မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက လူ/ယာဉ်/စက်/ပစ္စည်းကိရိယာ အသင့်ဖြင့်စုဖွဲ့ခြင်းနှင့် လေ့ကျင့်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မိုးဟိန်းထက်

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

ရန်ကုန် မေ ၁၁

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၆)ရပ်ကွက် သန္တိသုခမ္မာရုံ၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဝန်ထမ်းများက မေ ၇ ရက်တွင် ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ လဝကမှူး ဦးတင်ဝင်းစိုးနှင့် ဝန်ထမ်းများက အသက်(၁၀)နှစ်အထက်ရှိသူများအား နိုင်ငံသားစိစစ်ရေးကတ်များ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။ မြင့်မြင့်ရီ





## လှည်းကူးမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

လှည်းကူး မေ ၁၁

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မင်းကုန်းကျေးရွာ ရွာဦးဓမ္မာရုံတွင် မေ ၇ ရက် နံနက်ပိုင်းက မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဆွေးနွေးပွဲတွင် လှည်းကူးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးပြည့်ဖြိုးကျော်က သစ်တောသစ်ပင်များ စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းဖြင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများနှင့် မီးခိုးမြူငွေ့လျှော့ချရေးအတွက် Fire Hotspots အကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာလင်းက "မီးခိုးမြူငွေ့ညစ်ညမ်းမှု အန္တရာယ်နှင့် လေထုညစ်ညမ်းမှုအကြောင်း သိကောင်းစရာ" ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ လှည်းကူး(ပြန်/ဆက်)

## ပေါင်းတည်မြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် တိရစ္ဆာန်ရောဂါကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်



ပေါင်းတည် မေ ၁၁

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ယနေ့နံနက်ပိုင်းက သပြေကြီးစုကျေးရွာအုပ်စု ရှမ်းကုန်းကျေးရွာတွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ရေး ရက်(၁၀၀) ကာကွယ်ဆေးထိုးစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်လှိုင်၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာသင်းသင်းခိုင်တို့က ကျေးရွာများအတွင်း ဒေသန္တရတစ်နိုင်တစ်ပိုင်မွေးမြူသူများအားတွေ့ဆုံ၍ အသိပညာများရှင်းလင်း ဟောပြောကြသည်။

ဆက်လက်၍ နွားမွေးမြူသူများအား ခြံဖျန်းပိုးသတ်ဆေးများ ပေးအပ်ခဲ့ကြပြီး ကာကွယ်ဆေးထိုးစီမံချက်ဖြင့် ကျေးရွာအတွင်း မွေးမြူထားသည့် ဒေသန္တရကောင်ရေ ၅၀ အား ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။ ရွှေသား(IPRD)

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

## မင်္ဂလာဒုံမြို့နယ်၌ ဇီဝဓိုးငှက်မွေးမြူရေးလုပ်ငန်းများ စနစ်တကျဖြစ်စေရေး ကွင်းဆင်းစစ်ဆေး

**ရန်ကုန် မေ ၁၁**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက အစိုးရ၏ရက်(၁၀၀) စီမံချက်ကာလအတွင်း စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်လာသည့် ဇီဝဓိုးငှက်မွေးမြူ၍ ငှက်သိုက်ထုတ်လုပ်ခြင်း၊ ဇီဝဓိုးငှက်သိုက်ကုန်ကြမ်းသန့်စင်ခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း လုပ်ငန်းများအား စနစ်တကျ မွေးမြူထုတ်လုပ်နိုင်ရေး ကွင်းဆင်းစစ်ဆေးသည်။



ယင်းသို့ စစ်ဆေးရာတွင် ဇီဝဓိုးငှက် မွေးမြူရေးလုပ်ငန်း ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေး ဖြစ်စေရန် အဆောက်အအုံအတွက် ရောဂါကင်းရှင်းသော (ငှက်အိမ်)၊ တည်နေရာနှင့် စာရင်းကောက်ယူခြင်း လုပ်ငန်းကို မေ ၉ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒုတိယတိုင်းဒေသကြီးဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ရွှေနံ့သာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့တို့နှင့် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာနေခြည်နွေးတို့က ပူးပေါင်းကောက်ယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲရင့်သိန်းထွန်း**

■

## ဝေါမြို့နယ်၌ ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်

**ဝေါ မေ ၁၁**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်က လုပ်ငန်းစီမံကိန်းများ၏ ရင်းနှီးမြှုပ်နှံမှုလျာထားချက်များအပေါ် ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက မြို့နယ်ဌာနဆိုင်ရာများသို့ ဒေသန္တရစီမံကိန်းရည်မှန်းချက်နှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်း ရည်မှန်းချက်တာဝန်ပေးအပ်လွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အာကာ (ပြန်/ဆက်)**



## ဒလမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်



**ရန်ကုန် မေ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးခြင်းနှင့် Biometric ကောက်ယူကာ UID ကတ်ထုတ်ပေးခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ရွှေလှေချောင်ကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဦး ဦးဆောင်မှုဖြင့် ဝန်ထမ်းများက ရွှေလှေချောင်ကျေးရွာအတွင်းရှိ အသက် ၁၈ နှစ်ပြည့်ပြီးသူ ကျေးရွာနေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းနှင့် Biometric ကောက်ယူ၍ UID ကတ်ထုတ်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခင်စန္ဒာမြင့်(ပြန်/ဆက်)**

❍ MNL မှ

သုံးကြိမ်ရယူပေးကာ အအောင်မြင်ဆုံးနည်းပြအဖြစ် ရပ်တည်နေသူဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ၂၀၂၄ MNL ယူ-၂၀ လိဂ်တွင် ချန်ပီယံဆုရယူနိုင်ခဲ့သော်လည်း ပြီးခဲ့သည့် ၂၀၂၅ MNL ယူ-၂၁ လိဂ်တွင် ချန်ပီယံဆုနှင့် လွဲချော်ခဲ့သဖြင့် တစ်ကျော့ပြန် အောင်မြင်မှုရယူနိုင်ရန် ပြင်ဆင်လျက်ရှိသည်။ **သတင်း-ကိုညီလေး ဓာတ်ပုံ-SUFC**

## ပြည်မြို့၌ ဓာတ်မြေသြဇာသုံးစွဲမှုလျှော့ချ၍ သဘာဝမြေသြဇာအသုံးပြုရေး ပညာပေးဆွေးနွေး

**ပြည် မေ ၁၁**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်တွင် ဓာတ်မြေသြဇာသုံးစွဲမှုလျှော့ချ၍ သဘာဝမြေသြဇာနှင့် မြေပြုပြင်မြေသြဇာများ စနစ်တကျတွဲဖက်အသုံးပြုရေးဆိုင်ရာ ပညာပေးဆွေးနွေးပွဲကို မေ ၇ ရက်က ပြည်မြို့ ဇီးအုပ်တောင်သူပညာပေးသင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန သကြားထွက်သီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူးဦးဝင်းလှိုင်ဦးက အမှာစကားပြောကြားပြီး သကြားထွက်သီးနှံဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီးက ကြံစိုက်ခင်းမှထွက်ရှိလာသည့် ကြံရွက်ခြောက်များအား မီးရှို့မည့်အစား ကြံရွက်ခြောက် သဘာဝမြေဆွေးပုံပြုလုပ်သုံးစွဲခြင်းဖြင့် ရရှိလာမည့် အကျိုးသက်ရောက်မှုများအကြောင်း၊ မြန်မာစုတက်ကုမ္ပဏီမှ Chief Operation Officer ဒေါ်ရည်ရည်မွန်က ကုမ္ပဏီအနေဖြင့် တောင်သူများအား ပံ့ပိုးပေးနိုင်မည့်အစီအစဉ်များ၊ New Hollanel Companyမှ MD ဦးမင်းမင်းခိုင်က ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကြံစိုက်ပျိုးခြင်းစနစ်အကြောင်းနှင့် သဘာဝမြေသြဇာကုမ္ပဏီများဖြစ်သည့် Dr.Farmer ဖိုးတောင်သူမြေပြုပြင်မြေသြဇာကုမ္ပဏီနှင့် ပန်းတင်သဘာဝမြေသြဇာကုမ္ပဏီများမှ တာဝန်ရှိသူများက သဘာဝမြေသြဇာများကို စနစ်တကျထည့်သွင်းအသုံးပြုခြင်းနှင့် ပြုလုပ်နည်းများအကြောင်းကို ဆွေးနွေးပြောကြားသည်။

**အေးမိုး(ပြန်/ဆက်)**



■ မြန်မာနေရှင်နယ်လိဂ်မှ

ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်။ ခန့်မင်းသန့်သည် ၂၀၁၆ မှ ၂၀၁၈ ခုနှစ်အထိ ရတနာပုံအကယ်ဒမီတွင် လေ့ကျင့်သင်ကြားခဲ့ကာ ၂၀၁၉ ခုနှစ်တွင် ရန်ကုန်ယူနိုက်တက် ယူ-၁၉ အသင်း၊ ၂၀၂၂ ခုနှစ်တွင် ရခိုင်ယူနိုက်တက်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သည်။ ရတနာပုံအသင်းသည် ရာသီသစ်အတွက် ပြည်တွင်းကစားသမားများသာ ဆက်တိုက် ခေါ်ယူထားပြီး ဆွမ်လမန်၊ သက်ပိုင်ထွေး၊ ပြည့်ဖြိုးအောင် (ဂိုး)၊ သီဟထက်အောင်၊ မိုးဆွေ၊ သန်းတိုးအောင်၊ အောင်ကျော်အေး၊ ဟိန်းသက်ဖြိုးနှင့် ခန့်မင်းသန့် စုစုပေါင်း ကိုးဦးအထိ ခေါ်ယူထားသည်။ **သတင်း-ချစ်ကိုကို၊ ဓာတ်ပုံ-YDNB FC**

❃ UFC မှ

အရိပ်အမြွက်ပြောကြားခဲ့ပြီး ဂျိုရှုအာဗန်ကလည်း ပွဲအပြီးတွင် ပန်တိုဂျာအား စိန်ခေါ်စကားဆိုခဲ့သည်။ ဒီဇင်ဘာ ၆ ရက်က ထိုးသတ်သည့် ချန်ပီယံစိန်ခေါ်ပွဲတွင် ပန်တိုဂျာသည် ပွဲအစမှာပင် လက်ဒဏ်ရာရပြီး အရှုံးပေးခဲ့ရကာ ချန်ပီယံဘွဲ့လက်လွှတ်ခဲ့ရသဖြင့် ချန်ပီယံဆု ပြန်လည်ရယူနိုင်ရန် ဆန္ဒရှိနေခြင်းဖြစ်သည်။

ဂျိုရှုအာဗန်သည် မြန်မာစံတော်ချိန် မေ ၁၀ ရက်က ထိုးသတ်သည့် ပထမဆုံးကမ္ဘာ့ချန်ပီယံကာကွယ်ပွဲတွင် ဂျပန်ဖိုက်တာ တက်ဆုရိုတိုင်ရာကို ပဥ္စမအချီ ၁ မိနစ် ၃၂ စက္ကန့်တွင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဂျိုရှုအာဗန်သည် ခုနစ်ပွဲဆက်တိုက် အနိုင်ရလဒ်နှင့်အတူ ချန်ပီယံဘွဲ့ကာကွယ်နိုင်ခဲ့ပြီး ဆုကြေးငွေအမြောက်အမြားလည်း ရရှိခဲ့သည်။ ဂျိုရှုအာဗန်သည်



အသက် ၂၄ နှစ်သာရှိသေးသဖြင့် လက်ရှိစွမ်းဆောင်ရည်အား ဆက်ထိန်းထားနိုင်ပါက ကမ္ဘာ့ချန်ပီယံခါးပတ်ကို အချိန်ကာလကြာမြင့်စွာ ဆက်ထိန်းထားနိုင်ဖွယ်ရှိနေသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-UFC**

## ငါးမွေးမြူရေးကန်များရေကြီးနစ်မြုပ်မှုမှကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်

- ❖ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ❖ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ❖ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှု ကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ❖ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ❖ သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ရွှေ့ပြောင်းထားပါရန်၊
- ❖ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ❖ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ❖ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ❖ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့်သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ❖ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**ငါးလုပ်ငန်းဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (တင်ဒါအမှတ် - ၃/၂၀၂၆-၂၀၂၇)

ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိအောက်ဖော်ပြပါ လုပ်ငန်းများကို (၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ဆောင်ရွက်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည် -

- Lot-1 ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ သုခဒဂုံပြည်သူ့အငှားအိမ်ရာရှိ (၄)ခန်းတွဲ(၅)ထပ် အဆောက်အဦ (၂၅)လုံး၏ မြေညီထပ်တွင် အခန်းဖွဲ့ကာရံခြင်းလုပ်ငန်း
- Lot-2 ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ သုခဒဂုံပြည်သူ့အငှားအိမ်ရာရှိ (၄)ခန်းတွဲ(၅)ထပ် အဆောက်အဦ (၂၅)လုံး၏ မြေညီထပ်တွင် အခန်းဖွဲ့ကာရံခြင်းလုပ်ငန်း
- Lot-3 ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ သုခဒဂုံပြည်သူ့အငှားအိမ်ရာရှိ (၄)ခန်းတွဲ(၅)ထပ် အဆောက်အဦ (၂၅)လုံး၏ မြေညီထပ်တွင် အခန်းဖွဲ့ကာရံခြင်းလုပ်ငန်း
- Lot-4 ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ သုခဒဂုံပြည်သူ့အငှားအိမ်ရာရှိ (၄)ခန်းတွဲ(၅)ထပ် အဆောက်အဦ (၂၅)လုံး၏ မြေညီထပ်တွင် အခန်းဖွဲ့ကာရံခြင်းလုပ်ငန်း
- Lot-5 မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မင်္ဂလာရန်ကင်း ပြည်သူ့အငှားအိမ်ရာရှိ (၄)ခန်းတွဲ(၅)ထပ် အဆောက်အဦ (၂၉)လုံး၏ မြေညီထပ်တွင် အခန်းဖွဲ့ကာရံခြင်းလုပ်ငန်း
- Lot-6 မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မင်္ဂလာရန်ကင်း ပြည်သူ့အငှားအိမ်ရာရှိ (၄)ခန်းတွဲ(၅)ထပ် အဆောက်အဦ (၂၇)လုံး၏ မြေညီထပ်တွင် အခန်းဖွဲ့ကာရံခြင်းလုပ်ငန်း

- **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - (၁၂ - ၅ - ၂၀၂၆)ရက်နေ့
- **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - (၂၅ - ၅ - ၂၀၂၆)ရက်နေ့
- **တင်ဒါအဆိုပြုလွှာတင်သွင်းရမည့် နေ့ရက်နှင့်အချိန်** - (၂၆ - ၅ - ၂၀၂၆)ရက်နေ့၊ ညနေ (၃:၀၀) နာရီအထိ
- **တင်ဒါဖွင့်ပွဲဆောင်ရွက်မည့် နေ့ရက်/အချိန်/နေရာ** - ထပ်မံကြေညာပါမည်။
- **တင်ဒါပုံစံရောင်းချမည့်နေရာနှင့် ပြန်လည်တင်သွင်းရမည့်နေရာ** - ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၀)၊ နေပြည်တော် ဖုန်း -၀၉-၆၉၅၆၂၃၅၅

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာ၊ သီလဝါဥယျာဉ်အိမ်ရာ အပိုင်း(၁)၊ အခန်းအမှတ်(၃၀၅)၊ တတိယထပ်၊ အလျား (၂၂ ပေ)xအနံ (၂၀ပေ)၊ (၄၄၀)စတုရန်းပေရှိ တိုက်ခန်းနှင့် ရေ၊ မီး အကျိုးခံစားခွင့် အရပ်ရပ်များအားလုံးတို့ကို ရောင်းချပိုင်ဆိုင် လက်ဝယ်ရှိသူ ဒေါ်စန်းသီတာ [၁၂/သလန(နိုင်)၁၂၂၈၇၂]ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ချိုချိုဖြင့်[၁၁/သတန (နိုင်) ၀၄၈၆၃၆]က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ယင်းတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစပြီး (၇)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တရားဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန်းတင့်**
**B.A (Law), LL.B**
**တရားလွှတ်တော်ရှေ့နေ (စဥ် - ၂၀၂၀)**
**အမှတ်-၅၈၈၊ ယုဇနလမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉-၅၀၉၉၆၃၇**

## ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ်-၇/C-၁၊ မြေအကျယ်အဝန်းဧရိယာ(၀.၁၈၇)ဧကရှိ မြေပိုင်မြေ (အိမ်ရာမြေသတ်မှတ်)မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဦးကွန်စော်ရိပ်သာလမ်း၊ အမှတ်(၁၅/က)ဟုခေါ်တွင်သော၊ ဥပစာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဝယ်ယူလက်ရောက်နေထိုင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးခိုင်ဝင်း(ခ)ဖူလဟာ (ဘ)ဦးမောင်စိန်[၁၂/ကတတ(ပြု)၀၀၀၁၈၇]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်၊ အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ကန့်ကွက်လိုသူများသည် မိမိ၏ပိုင်ဆိုင်မှု အထောက်အထားမူရင်းများယူဆောင်၍ ဤကြော်ငြာသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ ဆက်သွယ်ကန့်ကွက်နိုင်ကြောင်းနှင့် ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမင်းဆွေ (B.A,R.L)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၂၀၂၁/၂၄-၁-၈၁)**
**အမှတ်(၈၃)၊ အခန်း(၁၄/A)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်ကြေညာချက်

ပန်းဘဲတန်းမြို့နယ်၊ ၃၂-လမ်း၊ အမှတ်(၁၆၄/၁၆၈)အနောက်ယံရှိ အဆောက်အအုံ၏ မူလနေထိုင်သူ ဦးမင်းဇော်အမည်ဖြင့် မှတ်သားထားသည့် မြေညီထပ် အခန်းအမှတ်(၃)အား ဦးမင်းဇော်ကွယ်လွန်သွားသဖြင့် ဇနီးဖြစ်သူ ဒေါ်သန်းသန်းဌေးအမည်သို့ ပြောင်းလဲမှတ်သားပေးပါရန် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများနှင့်တကွ ဤကြေညာချက် ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၄)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ရူပါရုံလမ်း၊ အမှတ်(၁၃)ဟု ခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ကန်ထရိုက်အဆောက်အဦ၏ တတိယထပ် (၄-လွှာ) ခေါင်းရင်း တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်သူ ဦးအောင်မြင့်(မြေရှင်)[၁၂/လမန(နိုင်)၁၂၃၂၄၉]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက ရောင်းဖိုးစရန်ငွေအချို့ ပေးအပ်ထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မိုးလေး ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝဏ္ဏစည်သူမိုး**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၈၅၅၈)**
**အမှတ်(၁၈၉)၊ မင်းရဲကျော်စွာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၄၄၂၀၁၇၄**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ပဲခူးမြစ်လမ်း၊ တိုက်(၃၃)၊ အခန်း(၂၀၁)၊ စစ်တောင်းရိပ်မွန်၊ ယုဇနဥယျာဉ်မြို့တော်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံသူ ဒေါ်ထက်ထက်သူ[၈/မကန(နိုင်) ၁၃၇၆၉၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးချမ်းပြေ့ဆွေ [၉/တသန(နိုင်)၁၉၈၃၁၁] + ဒေါ်ပြုံးကြည်ဝင်း[၉/တသန(နိုင်)၂၀၂၀၇၄]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို (၂၈-၄-၂၀၂၆)ရက်နေ့တွင် ပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ခြင်းမရှိပါက အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏လွှဲအပ်ချက်အရ**
**ဒေါ်ကြည်ကြည်ရှိန်(LL.B)**
**အထက်တန်းရှေ့နေ (စဥ်-၄၉၄၄၂)**
**ဖုန်း-၀၉-၆၆၆၅၅၅၆၅၇**

## (၁-၅-၂၀၂၆) နေ့ထုတ် ကြေးမုံသတင်းစာပါ တရားလွှတ်တော်ရှေ့နေ ဒေါ်အေးအေးသန့်နှင့် ဦးဝင်းထိန်တို့၏ မြိတ်မြို့နယ်အသင်း (ရန်ကုန်) မြိတ်ဘိုးဘွားများရိပ်သာ (ရန်ကုန်) အလှူရှင်များနှင့် အများသိစေရန်ကြေညာခြင်းကို ပြန်လည်ရှင်းလင်းကြေညာချက်

မြိတ်အသင်းမှ မြိတ်ဘိုးဘွားရိပ်သာ ဖွင့်လှစ်နိုင်ရန်ရည်ရွယ်၍ ၂၀၁၇-ခုနှစ်၊ မတ်လမှ ဇွန်လအထိ အလှူရှင်များမှ ဦးဝင်းထိန်ထံ ဆက်သွယ်လှူဒါန်းထားသည်ဆိုသော ကျပ် ၁၂၆၅၀၀၀၀၀/-နှင့်ပတ်သက်၍ ဦးအပ်တီက (၂၅-၁၁-၂၀၂၅) နေ့တွင် ဦးဝင်းထိန်အား အလှူငွေလက်ခံထားသည့်ပြေစာများ အလှူရှင်အမည်များ၊ ကောက်ခံရရှိငွေများကို မြိတ်မြို့နယ်အသင်း(ရန်ကုန်)၊ မြိတ်ဘိုးဘွားရိပ်သာ တာဝန်ရှိသူများထံပေးပို့ရန်နှင့် ပေးပို့သည့်အလှူခံပြေစာများ၊ အလှူရှင်များကို စိစစ်ပြီးမှ အဆိုပါ လှူဒါန်းငွေကျပ် ၁၂၆၅၀၀၀၀၀/- ကို ပြန်လည်လွှဲပြောင်းပေးပါဟု ပြောဆိုထားပါလျက် ဦးဝင်းထိန်က လိုက်နာခြင်းမရှိဘဲ ယင်းငွေ ၁၂၆၅၀၀၀၀၀/- ကို ဦးယုရှိန်၏ AYA Bank Account သို့ (၃) ကြိမ်လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ပါသည်။

သို့ဖြစ်၍ ဦးဝင်းထိန်သည် ဦးအပ်တီ ပြောခဲ့သည့်အတိုင်း လိုက်နာလွှဲပြောင်းပေးခြင်းမဟုတ်သည့်အတွက် ဦးယုရှိန်က အဆိုပါငွေကျပ် ၁၂၆၅၀၀၀၀၀/- (ကျပ်တစ်ထောင့်နှစ်ရာခြောက်ဆယ့်ငါးသိန်းတိတိ)ကို ဦးဝင်းထိန်ထံသို့ ၎င်းကိုယ်တိုင် ပေးပို့ခဲ့သည့် ငွေစာရင်းမှတစ်ဆင့် (၃)ကြိမ်တိုင်တိုင် ပြန်လည်လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း ဦးအပ်တီ၏ လွှဲအပ်ညွှန်ကြားချက်အတိုင်း အများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

**ဦးအပ်တီ၏ ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်သဲယုဆွေ LL.B, D.B.L** | **ဒေါ်ယဉ်လင်းထက် LL.M** |
| **တရားလွှတ်တော်ရှေ့နေ (စဥ်-၁၀၁၁၂)** | **အထက်တန်းရှေ့နေ (စဥ်-၅၅၇၂၉)** |

**အမှတ်-၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀) ဗိုလ်တထောင်မြို့နယ်တရားရုံးတော်၌ ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၇

ဒေါ်အိမိုမိုမောင် **(တရားလို)** နှင့် ဦးဘသင် **(တရားပြိုင်)**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁)ရပ်ကွက်၊ ဟံသာဝတီလမ်း၊ အမှတ်(၂၃၀/က)နေ ဦးဘသင် (ယခု နေရပ်လိပ်စာမသိသူ)** သိစေရမည်

သင့်အပေါ်၌ တရားလို ဒေါ်အိမိုမိုမောင် က **ပဋိညာဉ်အတိုင်း အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု** လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၆ ခုနှစ်၊ မေလ (၂၅)ရက်၊ (၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်)၊ နံနက် (၁၀း၀၀)နာရီ အချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်အား ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ မေလ ၁၁ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကေသွယ်နိုင်)**
**မြို့နယ်တရားသူကြီး**
**ဗိုလ်တထောင်မြို့နယ်တရားရုံး**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန (၂/၂၀၂၆-၂၀၂၇) ကြိမ်မြောက်စက်မှုကုန်ကြမ်း သစ်လုံး/ခွဲသား အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း **ကျွန်း/သစ်မာ သစ်လုံး/ခွဲသား (၇၁၁၅)တန်ခန့်**ကို အောက်ဖော်ပြပါအတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) ရောင်းချမည့်နေ့ရက်နှင့်အချိန် | - | (၂၆-၅-၂၀၂၆)ရက်နေ့၊ နံနက်(၈:၃၀)နာရီမှစတင်မည် |
| (ခ) ရောင်းချမည့်ဒေသများ | - | ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန( သစ်စက်များ ) စစ်ကိုင်းတိုင်းဒေသကြီး(အနောက်)/ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်/ ရှမ်းပြည်နယ်(တောင်ပိုင်း)/ပဲခူးတိုင်းဒေသကြီး/မကွေးတိုင်းဒေသကြီး |
| (ဂ) ရောင်းချမည့်နေရာ | - | မြန်မာ့သစ်လုပ်ငန်း၊ ကြို့ကုန်းသစ်တောဝင်း၊ တော်ဝင်ခန်းမ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ |

၂။ အိတ်ဖွင့်တင်ဒါနှင့် ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော **www.mte.gov.mm** တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်းနံပါတ်-၀၉-၅၁၆၆၉၃၀(ပြည်ပရောင်း)၊ ၀၉-၇၉၅၇၀၀၄၃၉ ၊ ၀၉-၄၀၂၇၀၅၁၅ များတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ**
**ပြည်တွင်းရောင်း/စက်ဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၉၊ မြေကွက်အမှတ်-၁၃၁၅၊ အကျယ် (၄၀'x၆၀')ကော၊ မြေအမျိုးအစား - ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြို့မြေစာရင်းတွင် ဦးလှတင် (AD-၀၃၃၆၃၃)အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှအရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်အရ လက်ဝယ်ထားရှိပိုင်ဆိုင်သူများဖြစ်သည့် ဒေါ်ယဉ်ယဉ်ဌေး [၁၂/မရက(နိုင်)၀၃၇၀၃၆]နှင့် ဒေါ်ခင်စန္ဒာထက်[၁၂/ကမတ(နိုင်)၀၆၂၂၂၃] တို့က ပူးတွဲဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးမျိုးမင်းဟိန်း** | **ဦးကောင်းမြတ်ဇော်** |
| **အထက်တန်းရှေ့နေ(စဥ်-၅၆၁၃၉)** | **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၂၇၉၂)** |

**အမှတ်(၃၃/၄၉)၊ Strand Condo, အခန်းအမှတ်-၄၀၂၊ (၄-လွှာ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (၂)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

**"ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ မြင်သာ(၁၂)လမ်း၊ အမှတ်(၆၃/၂)၊ (အလျား ၂၉.၆ပေ x အနံ ၅၈ပေ)၊ ဧရိယာ(၀.၀၃၉)ဧက၊ (၁၇၀၁)စတုရန်းပေရှိ ဦးအောင်မင်းသူ အမည်ပေါက်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်"**အား လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်း၊ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်းဝန်ခံလျက် အပြီးအပိုင် လွှဲပြောင်းရောင်းချရန်ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်မိတ်ဆွေ ဦးသိန်းမြင့်ဦး[၅/တမန(နိုင်)၀၄၅၂၇၁]က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ဆက်သွယ်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူများမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစန်းမောင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၁၇၃၇/၂၀၁၇)**
**အမှတ်-၁၀၀၊ ပထမထပ်၊ ၃၈-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၁၈၈၄၉၈**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ ဗိုလ်ချုပ်ကျေးရွာ၊ ကွင်းအမှတ်(၆၇၂/အေ)၊ ကျောင်းကုန်းမြောက်ကွင်း၊ ဦးပိုင်အမှတ်(၅၀/၁)၊ (၅၀/၂)၊ (၅၁/၂)၊ (၄၉)၊ (၅၆)၊ (၅၇)၊ ဧရိယာ(၄.၁၈၉)ဧကရှိ သန်လျင်မြို့နယ်၊ မြေစာရင်းဦးစီးဌာန၏(၂၀-၅-၂၀၁၃) ရက်စွဲပါစာအမှတ်-၇၄/အမည်ပြောင်းအရ ဒေါ်ခင်မျိုးဦးအမည်ဖြင့် အမည်ပြောင်းလဲခွင့်အမိန့်ရရှိပြီး မြေကွက်အတွင်းမှ မြေကွက်အမှတ်(၂၁/A)၊ မြေအကျယ်(၂၀x၆၀)ပေရှိ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အား အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုပြောဆိုသူ ဦးကျော်ကိုကို (ဘ)ဦးသောင်းညွှန့်[၁၂/သလန(နိုင်) ၁၃၇၁၀၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်သန်းဦး(ဘ)ဦးလှမြင့် [၁၂/မဂဒ(နိုင်)၀၈၅၁၅၅]နှင့် ဒေါ်ခင်မမမောင်(ဘ)ဦးမောင်မောင်[၅/စကန(နိုင်)၀၄၆၆၀၃]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း၊ အရောင်းအဝယ်စာချုပ်မူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း-၀၉-၅၁၈၅၁၆၇**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၂)၊ မေတ္တာလမ်း၊ မြေကွက်အမှတ်(၅၀၆)၊ မြေအကျယ်အဝန်း(၄၀ပေx၆၀ပေ)အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ်(၅၀၇)ကပ်လျက်အခြမ်း (ညာဘက်အခြမ်း)၊ အလျား(၂၀)ပေxအနံ(၆၀)ပေရှိ ဦးစိန်ရုံး (RGN-၀၁၄၇၀၁)အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား အရပ်ကတိစာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသန်းအေး [၁၁/ကဖန(နိုင်)၀၄၂၆၀၉]ထံသို့ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝါဝါနှင်းဝေ[၁၂/တမန(နိုင်)၁၁၂၇၃၁]က ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုမည့် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် အထက်ဖော်ပြပါ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသည်ဆိုပါက မည်သူမဆိုအထောက်အထားခိုင်မာစွာဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇင်သင်းအောင် LL.B, B.D.S, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၄၄၅၇၉/၂၀၁၈)**
**ရုံး - အမှတ်(၉/၁၁)၊ ပထမထပ်၊ (၁၀၃-H) ၊ ၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၆၉၂၃၉၈၂၆၊ ၀၉-၇၈၆၅၄၄၉၀၀**

## ကန့်ကွက်နိုင်ပါသည်

နံ့သာကုန်း စက်ဘီးနှင့် ယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးစခန်းအတွင်းရှိ ကွပ်ကဲမှုရုံးအောက်ထပ်၊ ဆိုင်ခန်းအကျယ်အဝန်း(၃၀x၃၅)ပေရှိ ဆိုင်ခန်း၏ မူလပိုင်ရှင်(ဦးနိုင်ဦး) မှတ်ပုံတင်အမှတ်[၁၂/ပဘတ(နိုင်)၀၂၈၄၉၈]သည် (၄-၅-၂၀၂၆)ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ (ဦးနိုင်ဦး)၏ တရားဝင်ဇနီး (၁)ဦးသာဖြစ်သည့် ဒေါ်မြမြအုန်း မှတ်ပုံတင်အမှတ်[၁၂/မရက(နိုင်)၀၅၄၄၉၀]မှ ရုံးဌာနများနှင့် လုပ်ငန်းများ ဆက်လက်ဆက်သွယ်ဆောင်ရွက်နိုင်ရန် ဒေါ်မြမြအုန်း အမည်သို့ ဆိုင်ခန်းအမည်ပြောင်းလဲမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက နံ့သာကုန်း စက်ဘီးနှင့်ယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးစခန်း၊ ကွပ်ကဲမှုရုံး၊ တာဝန်ခံအရာရှိထံ စာရွက်စာတမ်း၊ အထောက်အထား ပြည့်စုံစွာဖြင့် ကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**တာဝန်ခံအရာရှိ**
**နံ့သာကုန်းစက်ဘီးနှင့် ယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးစခန်း၊ ကွပ်ကဲမှုရုံး**
**ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အနောက်ပိုင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အနောက်ပိုင်း၌ တက်ရောက်ကုသကြသည့် လူနာများအားကုသပေးရန်အတွက်လိုအပ်သည့် အောက်ဖော်ပြပါ တို့အားဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(က) ဆေးဝါးများ
( ခ ) ခွဲစိတ်ခန်းသုံး ဆေးပစ္စည်းများ
( ဂ ) ဓာတ်မှန်ဖလင်နှင့်ဓာတ်မှန်ဆေးရည်များ
(ဃ) ဆေးရုံသုံးပစ္စည်းများ ( Consumables )
( င ) အောက်စီဂျင်

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ
စတင်ရောင်းချမည့်ရက် - ( ၁၄- ၅ -၂၀၂၆)ရက်နေ့ ( ကြာသပတေးနေ့ )
တင်ဒါပိတ်မည့်ရက် - ( ၄- ၆ -၂၀၂၆)ရက်နေ့ ( ကြာသပတေးနေ့ )

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ဆေးပစ္စည်းများနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အနောက်ပိုင်းဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီး
တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အနောက်ပိုင်း

**ဆက်သွယ်ရမည့်ဖုန်းနံပါတ်**
**၁။ ဆေးသိုလှောင်ရေးဌာန - ၀၉- ၄၃၀၈၇၁၄၈**
**၂။ ငွေစာရင်းဌာန - ၀၉- ၄၂၅၁၃၃၄၆၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ အင်းစိန်ခရိုင်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ တပင်ရွှေထီးလမ်း၊ (၅)ရပ်ကွက်၊ လူနေရပ်ကွက်အမှတ်- ရွှေဘုံသာအိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်-အမှတ်(၅)၊ မြေကွက်အမှတ်(၆)၊ မြေဧရိယာ ၀.၁၄၇ ဧကနှင့် မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၇)၊ မြေဧရိယာ ၀.၁၄၇ဧကရှိ အမည်ပေါက် ကျွဲဆွတ်ကုမ္ပဏီလီမိတက်ဖြင့် ဆောက်လုပ်နေထိုင်ခွင့် ပါမစ်မြေကွက်(၂)ကွက်၏ ပိုင်ဆိုင်မှုနှင့် အကျိုးခံစားခွင့်အား အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးအောင်နိုင်[၁၂/လသန(နိုင်)၀၀၇၃၇၇]မှ ရောင်းချပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုရာ ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီး၍ အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်း(များ)နှင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နန္ဒာသောင်း၊ LL.B, DBA, M.B.A**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၈၄)**
**ဖုန်း-၀၉-၅၁၈၀၇၉၄**

